ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ တနင်္လာနေ့၊ (5-12-2011) (မြဖ၄)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင်ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း



ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတ နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၈ ရက်တွင် ဂိုပါလ်ဂန်ခရိုင် တွန်ဂျီပါရာမြို့၌ မွေးဖွားခဲ့သည်။ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးကို ရယူပေးခဲ့သည့် ဘန်ဂါဘန်ဒူ ရှိတ်မူဂျီဘူရာမန်၏ သားသမီး ငါးဦးအနက် အကြီးဆုံးသမီးဖြစ်သည်။

သူမသည် ဒါကာတက္ကသိုလ်မှ ၁၉၇၃ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ ကျောင်းနေစဉ်ကာလကတည်းက လူထုလှုပ်ရှားမှုများအားလုံးတွင် တက်ကြွစွာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

## ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒီဇင်ဘာနောက်ဆုံးပတ်တွင် ကျင်းပမည် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများ၊ တန်ဖိုးမြင့်လက်ဝတ်ရတနာများ ပြသမည် နိုင်ငံတကာအဆင့်မီ အရောင်းပြပွဲကြီးဖြစ်အောင် အားလုံးက တူညီသောရည်မှန်းချက်များဖြင့် ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၄

**၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ(ပထမအကြိမ်)အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

### ပိုမိုခမ်းနားကောင်းမွန်

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယခင်ကျင်းပခဲ့သည့် အရောင်းပြပွဲများ၏ စံချိန်စံညွှန်းများထက် မလျော့စေဘဲ ပိုမိုခမ်းနားကောင်းမွန်ပြည့်စုံအောင် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခုပြပွဲတွင် ယခင်ပြပွဲများနည်းတူ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများအပြင် အသားကျောက်၊ အထည်ကျောက်နှင့် အရည်ကျောက်များ၊ တန်ဖိုးမြင့်လက်ဝတ်ရတနာများကိုပါ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြပွဲကျင်းပရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြပြီး ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

### နိုင်ငံတကာအဆင့်မီ

ထို့နောက် ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာအဆင့်မီ အရောင်းပြပွဲကြီးဖြစ်အောင် အားလုံးက တူညီသောရည်မှန်းချက်များဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

### အမှာစကားပြောကြား

**သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ (ပထမအကြိမ်) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



ကြေးမုံ စာ တည်း ရှု ထော င့် ၅-၁၂-၂၀၁၁ [တနင်္လာနေ့]။

# နှလုံးသားတံခါးများ ဖွင့်ထားသင့်ပြီ

ခေတ်သည်မြစ်ရေကဲ့သို့ တငြိမ့်ငြိမ့် တသိမ့်သိမ့် စီးဆင်းနေရာမှ အရှိန်အဟုန်ဖြင့် စီးဆင်းစပြုနေပြီ။ သိပ္ပံနှင့် နည်းပညာရပ်များအချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်။ နေ့စဉ်စားမှု၊ ဝတ်မှု၊ နေထိုင်မှု အသုံးအဆောင်မှအစ တေးဂီတအနုပညာဖျော်ဖြေမှု၊ ပညာသင်ကြားရေး၊ ဆေးပညာ၊ စိုက်ပျိုးရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ စက်မှုထုတ်ကုန်၊ စီးပွားကူးသန်းရေးတို့အထိ ကဏ္ဍအလိုက်အသစ်အသစ်များ ပေါ်ထွက်လာလျက်ရှိသည်။

ဒစ်ဂျစ်တယ်နှင့် အီလက်ထရွန်နစ်ကိုပိုက်ပြီး မွေးဖွားလာကြသည့် လူငယ်များအနေဖြင့် နောက်ဆုံးပေါ် နည်းပညာများ ဆည်းပူးနိုင်ကြပြီ။ ခေတ်မီတိုးတက်သော အတတ်ပညာများလည်း သင်ကြားတတ်မြောက်နေကြပြီ။ ကမ္ဘာကြီး၏တစ်ဖက်စွန်းမှ အကြောင်းအရာစုံ၊ ကဏ္ဍစုံကို လှေလာသိရှိခွင့်ရနေကြပြီ။ ပြင်ပမှ စီးပွားရေး ထိုးဖောက်မှုများနှင့်အတူ စာပေ၊ အနုပညာ၊ လူနေမှုဓလေ့စရိုက်များ ဒလဟောဝင်ရောက်နေပြီ။

ယဉ်ကျေးမှုအသစ်များက တံခါးလာခေါက်နေကြပြီ။ အသစ်အသစ်သော ယဉ်ကျေးမှုများက သွေးတိုးစမ်း တံခါးလာခေါက်သည့်အခါ လူငယ်အချို့အမြင် ကသောင်းကနင်း ဖြစ်စပြုကြပြီ။ ဝတ်စားဆင်ယင်နေထိုင်စားသောက်မှု၊ ပြောဆိုဆက်ဆံမှုများ ခေတ်ရှေ့ပြေးနေကြပြီ။ ခံစားတတ်သော နှလုံးသားတံခါးမဖွင့်ဘဲ အသစ်အဆန်းများကိုသာ ရှုမြင်လက်ခံတတ်သော ဦးနှောက်တံခါးသာပွင့်နေသည့် တစ်ဖက်စွန်းရောက်ဖွံ့ဖြိုးမှုများ လွှမ်းမိုးလာမည်ကို စိုးရိမ်ရသည်။

ယနေ့ကဲ့သို့ ခေတ်သစ် စနစ်သစ် နိုင်ငံသစ်ကို တည်ဆောက်နေချိန်တွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ကြမည့် ပညာတတ်လူငယ်များ၏ စွမ်းအားသည် ပဓာနကျသည်။ လူငယ်များ ပညာရည်မြင့်မားရုံသာမက မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် မြတ်နိုးခံစားတတ်သော နှလုံးသား၊ ခံစားတတ်သောစိတ်ရှိရန် လိုပေသည်။ မြန်မာ့ယဉ်ကျေးမှု၊ အမျိုးသား ဇာတိဥပဓိ၊ အမျိုးသားလက္ခဏာများကို မြတ်နိုးတတ်သူများဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။

မြန်မာတို့သည် အတိတ်ရှိသည့်လူမျိုး၊ သမိုင်းရှိသည့် လူမျိုးအဖြစ် ဂုဏ်ယူကြရပေမည်။ ရှေးနှစ်ပေါင်းများစွာကပင် ယဉ်ကျေးမှုကြီးမားသည့် လူမျိုး၊ အထက်တန်းကျသည့်လူမျိုးအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ခဲ့သည်ကို တန်ဖိုးထားကြရပေမည်။ သမိုင်း မအအောင်၊ ယဉ်ကျေးမှုမအအောင်၊ စာပေဂီတအနုပညာ မအအောင် ခေတ်ကာလနှင့်အတူ ညှိတွတ်ပြောင်းရသည်ကို လက်ခံပါသည်။

သို့သော် ခံစားတတ်သော မျက်လုံး၊ ခံစားတတ်သော နား၊ ခံစားတတ်သော နှလုံးသားများဖြင့် လောကသဘာဝ၊ လူ့သဘာဝ၊ လောကအမူအရာ၊ လူ့အမူအရာများကို ဆင်ခြင်နိုင်ရန်မူ လိုအပ်သည်။ လေ့မျှောလျှင် လေ့နှင့်လိုက်၍ ရသော်လည်း ယဉ်ကျေးမှုမျှောသောအခါ ယဉ်ကျေးမှုနှင့်လိုက်၍ မရနိုင်သည်ကို သတိပြုကြရပါမည်။ မိဘလူကြီးသူမများအပါအဝင် တစ်မျိုးသားလုံးက မြန်မာတိုင်း ခံစားတတ်သော နှလုံးသားတံခါးများကို ဖွင့်ပြီး မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာ ကျင့်ဝတ်သီလသိက္ခာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါသည်။ ။

# နန်ချိုရေအားလျှပ်စစ်စီမံကိန်း ၆၈ ဒသမ ၁၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်
## စီမံကိန်းပြီးပါက တစ်နှစ်လျှင် ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ ထုတ်လုပ်ပေးနိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၄**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် နိုင်ငံတော်အတွင်း ပေါကြွယ်ဝသော ရေအားအရင်းအမြစ်များမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်အကွာရှိ နန်ချိုချောင်းပေါ်တွင် အမှတ်(၁)တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နန်ချိုရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိစေမည့် လျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး ကွန်ကရစ်ရေထိန်းတမံပေါ်မှ ရေထိန်းတမံ (EL-284) အထိ ကွန်ကရစ် သွန်းလောင်းပြီးစီးမှုနှင့် ကွန်ကရစ်သွန်းလောင်းနေမှု၊ ကျန်ရှိမှုအခြေအနေတို့ကို လည်းကောင်း၊ ရေယူအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် ရေသွယ်ဥမင်လိုဏ် အပိုင်း(၁) ဥမင်လိုဏ်အတွင်း ကွန်ကရစ်လိုင်နင် သွန်းလောင်းပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(အောက်ဝဲပုံ)**

ဆက်လက်၍ စလူချောင်း ဝဲဘက်ကမ်းနှင့် ယာဘက်ကမ်းဆက်သွယ်မည့် ရေတံလျှောက် ဆောက်လုပ်မည့်နေရာ (Pier-1) နှင့် (Pier-2)တို့အား ကွန်ကရစ် သွန်းလောင်းပြီးစီးမှု၊ ပိုက်ကွေး၊ ပိုက်ထုတ် အလုပ်ရုံရှိ တံတားသံပေါင်များနှင့် သံမဏိပိုက်များ ကြိုတင်တပ်ဆင်မှုများနှင့် ရေထိန်းကန် Side Spillway မှ Side Channel Spillway အား စက်ယန္တရားကြီးများဖြင့် မြေကြီးကျောက်သားတူးဖော်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ရှုရပ်မှနေ၍ ဖိအားမြင့်သံမဏိပိုက်လိုင်း တည်ဆောက်မည့်နေရာ၊ ဆွဒ်ယာဒ်နှင့် ထရန်စဖော်မာယာဒ် တည်ဆောက်မည့်နေရာနှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ နန်ချိုရေအားလျှပ်စစ်စီမံကိန်းသည် ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၆၈ ဒသမ ၁၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)





**ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ ဦးသန်းအောင်နှင့် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)အတွက် ဆေးပဒေသာပင်နှင့် ဆွမ်းတစ်နေ့တာ အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (ဇီဝိတဒါနသံဃာ့ဆေးရုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၂၀၀ | ၀. ၀၃၂၄၅ |
| တရုတ် (ယွမ်) | ၆. ၃၅၉၅၀ | ၀. ၁၅၇၂၅ |
| အိန္ဒိယ (ရူပီး) | ၅၁. ၀၇၅၀ | ၀. ၀၁၉၅၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၈၀၀ | ၀. ၃၁၆၉၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၄၁၀ | ၀. ၇၇၈၇၆ |
| ဂျပန် (ယန်း) | ၇၇. ၉၈၀၀ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၈. ၀၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၄၆၀၅ | ၁. ၃၄၀၄၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၀၇ | ၁. ၅၅၉၉၀ |

**အင်တာနက်။**

# ကော့ကရိတ်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကော့ကရိတ် ဒီဇင်ဘာ ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇော်ဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးနိုင်လင်းနှင့် မြို့နယ်မန်နေဂျာ ဒေါ်နော်သူးလေထီး၊ မြေစာရင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် ကော့ကရိတ်မြို့နယ် အမှတ်(၁) ချောင်းထောင်ရပ်ကွက် ကွင်းအမှတ်-၁၃၁ ဦးပိုင်အမှတ်-၁၆ လယ်သမား ဦးစောကျော်ခင်၏ မနောသုခ မိုးစပါး ရှစ်ဧကတွင် မိုးစပါးစံကွက် ရိတ်သိမ်းကြသည်။**(အောက်ပုံ)**

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းကြရာ ခြောက်သွေ့ပြီး တစ်ဧကပျမ်းမျှ အထွက်နှုန်း ၇၆ ဒသမ ၃၀ တင်း ထွက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)



# ဆိပ်ဖြူမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု ကွင်းအမှတ်-၁၁၂၃ ကွင်းအမည် အောက်ဆိပ်ကွင်း အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်ဒေသ၌ တောင်သူ ဒေါ်သိန်းလှစိုက်ပျိုးထားသည့် မနောသုခ မျိုးသန့် (၁)၊ ကောင်းအဆင့်ရှိ မိုးစပါး ၂ ဒသမ ၆၄ ဧကကို နိုဝင်ဘာ ၂၈ ရက်တွင် စံကွက်ရိတ်သိမ်းရာ မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်နိုင်ထွန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များသည် လယ်ယာကဏ္ဍစာရင်းအင်းမှန်ကန်စေရေး၊ တစ်ဧကအထွက်နှုန်းမှန်ကန်စေရေးအတွက် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြပြီး အဆိုပါစံကွက်မှ တစ်ဧကပျမ်းမျှ အထွက်နှုန်း ၁၂၈ ဒသမ ၂၉ တင်း ထွက်ရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# စိန့်ပေါလ်ကျောင်းရန်ပုံငွေ အနုပညာရှင်များ ဂီတပဒေသာပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့ရှိ အထက(၆) ဗိုလ်တထောင်(စိန့်ပေါလ်)ကျောင်း၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းပြုပြင်မွမ်းမံရေးရန်ပုံငွေအတွက် စိန့်ပေါလ်ကျောင်းသားဟောင်း အနုပညာရှင်များ ဂီတပဒေသာပွဲကို ဒီဇင်ဘာ ၁၀ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ကန်တော်ကြီးပန်းခြံ မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ဆောင်းဦး)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၁၂-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ စိုက်ပျိုးသုတ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၆။ မှတ်တမ်း
- ၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၅၉)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၂၈)**
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ ဗွီတာဝန်အရေး(၃)ပါး
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၁၆)**
- ၂၃။ Mini Series




လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တို့ တောင်သူပညာပေးစက်မှုလယ်ယာ ဧက ၅၀၀ အထူးဇုန်စိုက်ခင်းအတွင်းရှိ တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပျိုးခင်းကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တို့ တောင်သူပညာပေး စက်မှုလယ်ယာစံပြအထူးဇုန် ဧက ၅၀၀ စိုက်ခင်း၌ ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၄

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တို့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ တောင်သူပညာပေး စက်မှုလယ်ယာ ဧက ၅၀၀ အထူးဇုန်စိုက်ခင်းအတွင်းရှိ တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပျိုးခင်းသို့ ရောက်ရှိကြပြီး စိုက်ပျိုးရန်အသင့်ဖြစ်နေသော ပျိုးထောင်ထားသည့် ငရုတ်စပ်မျိုး၊ ဗီယက်နမ်ဆလတ်နီ၊ ခရမ်းရှည်ပျိုးပင်များကို လည်းကောင်း၊ စိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ငရုတ်၊ ဖရုံ၊ သခွား၊ ကိုက်လန်၊ မုန်ညင်း၊ ခရမ်းရှည်၊ ထောပတ်ခရမ်း၊ ဂေါ်ဖီပင်များနှင့် ဆန်ကာရုံစနစ်ဖြင့် စိုက်ပျိုးထားပြီး အောင်မြင်စွာသီးနေသော ရွှေသခွားမွှေးစိုက်ခင်းရုံတို့ကိုလည်းကောင်း ကြည့်ရှုကြသည်။**

ဆက်လက်၍ တစ်ဧကလျှင် တန် ၆၀ အထက် ထွက်ရှိနိုင်မည့် အထူးအထွက်တိုး ကြံမျိုးသန့်မျိုးပွား ၁၀ စိုက်ခင်း၌ သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် စိုက်ပျိုးပါက တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိမည့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း ပုလဲသွယ်စပ်မျိုးစပါး လက်တွေ့စိုက်ပျိုး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အရည်အသွေးကောင်း ပုလဲသွယ်စပ်မျိုးစပါးအား တစ်နေ့လျှင် (၂)တန်ကျ ခေတ်မီဆန်စက်ဖြင့် ပုလဲသွယ်ဆန်များ လက်တွေ့ကြိတ်ခွဲနေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

**ဝင်ငွေနှစ်ဆတိုးရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးတက်စေရေး မျိုးကောင်းမျိုးသန့် အရည်အသွေးကောင်းအထွက်နှုန်းကောင်းပုလဲသွယ် စပ်မျိုးစပါးများ တောင်သူပညာပေး ဆောင်ရွက်ထားရှိသကဲ့သို့ ယာသီးနှံစိုက်တောင်သူများ ဈေးကွက်ရရှိပြီး ဝင်ငွေတွက်ခြေကိုက်ရန် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများကို တောင်သူပညာပေးဆောင်ရွက်ထားရှိကာ သီးနှံအမယ်စုံ စိုက်ပျိုးပြသထားရှိကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဆန်စပါးနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ခြင်းသည် စားဝတ်နေရေးကဏ္ဍ ဖြည့်ဆည်းပေးခြင်းဖြစ်၍ အလွန်မွန်မြတ်သောလုပ်ငန်းဖြစ်ကြောင်း၊ စီးပွားရေးအတွက်အပြင် ကုသိုလ်လည်းရသော လုပ်ငန်းဖြစ်၍ စေတနာထား ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

# အုပ်စုအလိုက် ဘက်စုံအညွှန်းကိန်း စစ်တမ်းကောက်ယူမှု (MICS) ရလဒ်များ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

အုပ်စုအလိုက် ဘက်စုံအညွှန်းကိန်း စစ်တမ်းကောက်ယူမှု (MICS) ရလဒ်များ ဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ INGO နှင့် NGO အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး (UNICEF) မှ Dr. Siddharrth Nirupam (Child Survival Specialist)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို အပိုင်းသုံးပိုင်းခွဲကာ ကျင်းပခဲ့ပြီး သဘာပတိအဖြစ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သွေးသွေးချစ်က ကလေးသူငယ်ဖွံ့ဖြိုးမှု၊ ရေနှင့်မိလ္လာ၊ HIV/AIDS အကြောင်းကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)မှ ညွှန်ကြားရေးမှူး ဒေါက်တာအေးမိုးမိုးလွင်က အာဟာရ၊ ကလေးသူငယ်ကျန်းမာရေး၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများကို လည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး Ms. Mona Korsgard, (M&E Officer, Social Policy M&E Section, UNICEF Myanmar)က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ ကလေးသူငယ်သေဆုံးမှု၊ နမူနာကောက်ကွက်နှင့် ကိန်းဂဏန်းကောက်ယူမှုကို တင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# (၁၀၂) ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၄**

BAJ (Bridge Asia Japan) မော်လမြိုင်ရုံးစိုက်၊ South-Eastern Program မှ Deputy Program Manager (မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတာဝန်ခံ) ဦးစန်းမောင်မြင့် (လူမှုထူးချွန်-ပထမဆင့်) သည် နိုဝင်ဘာ ၈ ရက်က မော်လမြိုင် ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စေတနာအလျောက် (၁၀၂)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၄**

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ(ဒုတိယဆုရ) မင်းဘူးအောင်ကြိုင် ရေးသားသည့် "မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ရှေးဟောင်းလက်နက်များ (သမိုင်းမတင်မီခေတ်မှ ပုဂံခေတ်အထိ)" စာအုပ်ကို စာအုပ်အသင်း၏ (၇၈) အုပ်မြောက်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်းအမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



# ညောင်လေးပင်မြို့နယ်၌ ချေးငွေများထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်နေသော ပျံကျဈေးသည်များအား ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းက ချေးငွေထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပျံကျဈေးသည် ၃၅ ဦးတို့အား ချေးငွေကျပ် ၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ပျံကျဈေးသည်တစ်ဦးအား ချေးငွေထုတ်ပေးစဉ်။** (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၅-၁၂-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၈။ "ချစ်တတ်ကြရအောင်"
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅း၂၅ ၉။ "မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ"
- ၅း၃၀ ၁၀။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၂၂)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၅)**
- ၂၀။ **အိန္ဒိယရုပ်ရှင် "အချစ်ဆိုသောအရာ" (အပိုင်း-၁)**
- ၂၁။ အစီအစဉ်ပြီး၏။

**အင်တာနက် သိပ္ပံသတင်း** *ဘာသာပြန်-သတင်းလုလင်*

# ကိုယ်အလေးချိန်လျှော့ချပေးမည့် ပီကေ အမေရိကန်သိပ္ပံပညာရှင်များ တီထွင်လျက်ရှိ

**နယူးယောက် ဒီဇင်ဘာ ၄**

ကိုယ်အလေးချိန်လျှော့ချပေးနိုင်မည့် ပီကေတစ်မျိုးကို အမေရိကန်သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သုတေသနလေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကိုယ်အလေးချိန် လျှော့ချရာ၌ အထောက်အကူပေးနိုင်သော ပီကေကို ထုတ်လုပ်ရာတွင် Human PYY ဟု အမည်ပေးထားသော ဟော်မုန်းတစ်မျိုးကို အသုံးပြုမည်ဖြစ်သည်။

ကိုယ်အလေးချိန် များပြားသူများသည် ယင်းပီကေကို စားသုံးသည့်အခါ သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်သည့်အခါ ပီကေအတွင်းရှိ ဟော်မုန်းဓာတ်က သွေးကြောအတွင်းသို့ စီးဝင်မည်ဖြစ်ကြောင်း နယူးယောက်မြို့ရှိ ဆိုင်ရာကျူးတက္ကသိုလ်မှ သုတေသီများက ပြောကြားကြသည်။

ကိုယ်အလေးချိန် လျှော့ချပေးမည့် ပီကေကို စားသုံးစေပြီးနောက် ၎င်းတို့၏ ခန္ဓာကိုယ်အတွင်း လှည့်ပတ်နေသော သွေးအတွင်း PYY ဟော်မုန်းဓာတ်စုဝေးမှု လျော့ကျသွားသည်ကို လေ့လာတွေ့ရှိရကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

PYY ဟော်မုန်းသည် ကိုယ်ခန္ဓာ၏ အစာချေစနစ်ကို ဖြတ်သန်းသွားနိုင်ပြီး လှည့်ပတ်နေသော သွေးအတွင်း စုပ်ယူနိုင်သည်ကို တွေ့ရှိရကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ရောဘတ်ဒေါ်လီက ပြောကြားသည်။

လှည့်ပတ်နေသော သွေးအတွင်းသို့ ဟော်မုန်းဓာတ်တစ်မျိုးကို ပေးပို့ရာ၌ ဗီတာမင် B12 ကို အသုံးပြုနိုင်ရန် သုတေသနအဖွဲ့က လေ့လာလျက်ရှိသည်။

ရောဘတ်ဒေါ်လီသည် မကြာသေးမီနှစ်များက ဗီတာမင် B12 ကို အသုံးပြုကာ သွေးအတွင်းသို့ အင်ဆူလင် ပို့ဆောင်ပေးနိုင်သော စနစ်တစ်ရပ်ကို တီထွင်ဖော်ထုတ်ခဲ့သူဖြစ်သည်။ ဗီတာမင် B12 ဆေးလုံးကို အာခံတွင်းမှတစ်ဆင့် မျိုချစေလျက် အင်ဆူလင်ဟော်မုန်းကို သွေးအတွင်းသို့ ပို့ဆောင်ခြင်းဖြစ်သည်။ အင်ဆူလင်သည် သွေးအတွင်းရှိ သကြားဓာတ်ပမာဏကို ထိန်းချုပ်ပေးနိုင်သည်။

***အင်တာနက်။***

**အလွန်အမင်း ဝဖြိုးမှု ပြဿနာသည် ၂၁ ရာစုခေတ်၏ အဆိုးရွား ဆုံး သော ပြည်သူ့ကျန်းမာရေး ပြဿနာ တစ်ရပ် ဖြစ်လာသည်။**



**ပြည်ထောင်စုဖွားတိုင်းရင်းသား တားဆီးကာကွယ်မီးရန်စွယ်**

# အိုက်စလန်ရှိ ရေခဲမြစ်အောက်မှ မီးတောင်တစ်လုံး ပေါက်ကွဲနိုင်



အိုက်စလန်နိုင်ငံ၌ ရေခဲမြစ်တစ်စင်းအနီးရှိ မီးတောင်တစ်လုံး ၂၀၁၀ ပြည့်နှစ် ဧပြီလက ပေါက်ကွဲခဲ့သည်ကို မှတ်တမ်းပုံတွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

**ရေကျာပစ် ဒီဇင်ဘာ ၄**

အိုက်စလန်နိုင်ငံရှိ အကြီးဆုံးသော ရေခဲမြစ်များအနက် ရေခဲမြစ်တစ်စင်း၏အောက်ဘက် မီတာရာပေါင်းများစွာ အကွာရှိ မီးတောင်တစ်လုံးသည် ပေါက်ကွဲတော့မည့် လက္ခဏာများကို ပြသလျက်ရှိကြောင်း၊ ယင်းနိုင်ငံ၌ ရာစုနှစ်တစ်ခုတာကာလအတွင်း အပြင်းထန်ဆုံးသော မီးတောင်ပေါက်ကွဲမှုဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူပညာရှင်တစ်ဦးက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

ကာတလာအမည်ရှိ မီးတောင်၏ထိပ်ဝအကျယ်အဝန်းမှာ ၁၀ ကီလိုမီတာ (၆ ဒသမ ၂ မိုင်)ရှိပြီး ယင်းမီးတောင်ထိပ်ဝ၏ မျက်နှာပြင်လွှာ၌ အေးခဲနေသောရေခဲချပ်များသည် မီးတောင်ပေါက်ကွဲမှုကြောင့် အရည်ပျော်ဆင်းလာကာ အကြီးအကျယ်ရေလွှမ်းမိုးမှုဖြစ်ပေါ်နိုင်ကြောင်း အမျိုးသားပထဝီဝင်အသင်းမှ ကျွမ်းကျင်ပညာရှင် ဖို့ဒ်ကိုချာရန်က ပြောကြားသည်။

မီးတောင်ပေါက်ကွဲမည်ဆိုပါက အိုက်စလန်ကျွန်း၏ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ကိုဖြတ်သန်းကာ ရေဂါလန်ဘီလီယံပေါင်းများစွာ စီးဆင်းလာနိုင်ပြီး ယင်းရေများသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းသို့ ရောက်ရှိသွားမည်ဖြစ်သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ပြင်းထန်သော မြေငလျင်လှုပ်ရှားမှုတစ်ရပ်လည်းဖြစ်ပေါ်နိုင်သည်။ မီးတောင်ထိပ်ဝအတွင်းနှင့် မီးတောင်ထိပ်ဝအနီးတစ်ဝိုက်၌ မြေငလျင်ဆိုင်ရာ တုန်ခါမှုအကြိမ် ၅၀၀ ကျော်ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

# ဇာတ်မြင့်မိသားစုဝင်တစ်ဦးနှင့် အမည်တူနေမှုကြောင့် ဇာတ်နိမ့်လူငယ်တစ်ဦး အသတ်ခံခဲ့ရ

**နယူးဒေလီ ဒီဇင်ဘာ ၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ ဇာတ်နိမ့်မျိုးနွယ်ဝင် လူငယ်တစ်ဦးသည် ဇာတ်မြင့်သူတစ်ဦးနှင့်အမည်ချင်းတူနေသောကြောင့် သတ်ဖြတ်ခံခဲ့ရသည်ဟု ရဲအဖွဲ့က ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

သေဆုံးခဲ့သူ အသက် (၁၄) နှစ်အရွယ်ရှိ နီရာ့ဂျ်ကူးမား၏ဖခင်ဖြစ်သူ ရမ်ဆမ်မားသည် ၎င်း၏သားနှစ်ဦးအား ဇာတ်မြင့်သူတစ်ဦးဖြစ်သည့် ဂျာဝါဟာချောက်ဒရီဆိုသူ၏ သားများနှင့် အမည်တူမှည့်ခေါ်ထားခြင်းကြောင့် နာမည်ပြောင်းပေးရန် တောင်းဆိုခံခဲ့ရဖူးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူ နီရာ့ဂျ်၏ ရုပ်အလောင်းကို နိုဝင်ဘာ ၂၃ ရက်တွင် လယ်ကွင်းတစ်ခုအတွင်း၌ တွေ့ရှိခဲ့ရပြီး ၎င်းသေဆုံးမှုနှင့် ပတ်သက်ပြီး ချောက်ဒရီမိသားစု၏ မိတ်ဆွေနှစ်ဦးအား ရဲအဖွဲ့က ဖမ်းဆီးခဲ့သည်။

မစ္စတာ ချောက်ဒရီက ၎င်း၏မိသားစုအနေဖြင့် လူသတ်မှုတွင်ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဇာတ်နိမ့်လူတန်းစား (ဒါးလစ်)များအား အမျိုးဇာတ်ခွဲခြားမှုစနစ်အရ အောက်ဆုံးအလွှာ (ထိတွေ့ရန်မသင့်သူများ)ဟု သတ်မှတ်ထားကြသည်။ အိန္ဒိယနိုင်ငံတွင် ဇာတ်ခွဲခြားမှုစနစ်သည် တရားဝင်မတည်ရှိတော့သော်လည်း အစွဲအလမ်းကြီးမားသည့် နေရာဒေသအများအပြားတွင် ကြွင်းကျန်နေဆဲဖြစ်သည်။ **အင်တာနက်။**

# မြေငလျင်လှုပ်ခတ်မှုမပေါ်ပေါက်မီ တိရစ္ဆာန်များက ကြိုတင်ခန့်မှန်းနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ ပြောကြား

လန်ဒန် ဒီဇင်ဘာ ၄

**မြေငလျင်လှုပ်ခတ်ခါနီးကာလ၌ ဖြစ်ပွားတတ်သည့် မြေအောက်ရေအတွင်း ဓာတုဖြစ်စဉ်အပြောင်းအလဲများကို တိရစ္ဆာန်များက ကြိုတင်အာရုံခံစား သိရှိနိုင်ဖွယ်ရှိကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင်အဖွဲ့ တစ်ဖွဲ့က နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။**

မြေအောက်ရေဓာတုဖြစ်စဉ် အပြောင်းအလဲများသည် မြေငလျင်လှုပ်ခတ်မှုနှင့် တိရစ္ဆာန်များ၏ ပုံမှန်မဟုတ်သော အပြုအမူများအကြား ဆက်စပ်မှု၏ အကြောင်းရင်းခံဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

၂၀၀၉ ခုနှစ်အတွင်း အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ မြေငလျင်မလှုပ်ခတ်မီ ဖားသတ္တဝါများသည် ၎င်းတို့နေထိုင်ကျက်စားရာ ရေအိုင်များအား စွန့်ခွာခဲ့ကြောင်း တွေ့ရှိရပြီးနောက် ငလျင်မလှုပ်ခတ်မီဖြစ်ပေါ်တတ်သည့် မြေအောက်ရေဓာတုဖြစ်စဉ်များကို သိပ္ပံပညာရှင်များက စူးစမ်းလေ့လာခဲ့ကြသည်။

တိရစ္ဆာန်များ၏ ပုံမှန်မဟုတ်သော အပြုအမူများကို မြေငလျင်လှုပ်ခတ်မှုကြိုတင်ခန့်မှန်းရာတွင် လိုအပ်သည့် အချက်အလက်များအဖြစ် ထည့်သွင်းအသုံးပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြသည်။

မြေအောက်ရေ သို့မဟုတ် မြေအောက်ရေနှင့် နီးစပ်သောနေရာများ၌ နေထိုင်ကျက်စားကြသည့် တိရစ္ဆာန်များသည် မြေအောက်ရေအတွင်း ဖြစ်ပေါ်တတ်သည့် ဓာတုဖြစ်စဉ်အပြောင်းအလဲများကို ကြိုတင်အာရုံခံစားနိုင်စွမ်းမြင့်မားကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

ယင်းအတွက်ကြောင့် မြေငလျင်မလှုပ်ခတ်မီ ရက်ပိုင်းအလိုတွင် မြေအောက်ရေအတွင်း ဖြစ်ပေါ်တတ်သည့် ဓာတုဖြစ်စဉ်အပြောင်းအလဲများကို တိရစ္ဆာန်များက ကြိုတင်အာရုံခံ



သိရှိနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

မြေငလျင်မလှုပ်ခတ်မီကာလ၌ ကုန်းရေနှစ်ထွေနေ သတ္တဝါများ၊ တွားသွားသတ္တဝါများနှင့် ငါးတို့သည် ပုံမှန်မဟုတ်သော အပြုအမူများဖြင့် တုံ့ပြန်လေ့ရှိကြောင်း ခေတ်အဆက်ဆက်ပြောကြားမှုများရှိခဲ့ပြီး ဖြစ်သည်။

ဥပမာအားဖြင့် ၁၉၇၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌ ဟိုက်ချန်ငလျင်ဘေးမပေါ်ပေါက်မီ မြွေသတ္တဝါများ ၎င်းတို့ နေထိုင်ရာတွင်းများမှ ထွက်လာကြသည်ကို လူအများအပြားက သတိပြုမိခဲ့ကြကြောင်း သိရသည်။ **အင်တာနက်။**

# ဂျပန်၏ အသက်အကြီးဆုံး အမျိုးသမီးကြီး ကွယ်လွန်

**တိုကျို ဒီဇင်ဘာ ၄**

ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးဖြစ်သော ဂျီယိုနို ဟာစီဂါဝါ အသက် (၁၁၅) နှစ်သည် ကွယ်လွန်သွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဒီဇင်ဘာ ၂ ရက်တွင် ဖော်ပြသည်။

၁၈၉၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဖွားမြင်ခဲ့သည့် ဟာစီဂါဝါသည် ဂျပန်နိုင်ငံတောင်ပိုင်းတွင် ဒီဇင်ဘာ ၂ ရက်က သေဆုံးခဲ့ခြင်းဖြစ်သည်။

သူမသေဆုံးခြင်းကို အတည်ပြုသော်လည်း အသေးစိတ်အကြောင်းအရာများကိုမူ ပြောကြားခြင်း မပြုပေ။

ယခုအခါတွင် အသက် (၁၁၄) နှစ်ရှိ ဂျီရိုယူမွန်ကီ မူရာက ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး လူသားဖြစ်လာရပြီ ဖြစ်သည်။ ၎င်းကို ၁၈၉၇ ခုနှစ် ဧပြီ ၁၉ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ကမ္ဘာ့ဂင်းနစ်မှတ်တမ်းက ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသားအဖြစ် အသိအမှတ်ပြုသည်။

ကမ္ဘာ့အသက်အကြီးဆုံးသူမှာ အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်မှ အသက် (၁၁၅) နှစ်ရှိ ဘက်စီကူးပါးဖြစ်၍ သူမကို ၁၈၉၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် မွေးဖွားခဲ့သည်။ **အင်တာနက်။**



# အစ္စရေးမောင်းသူမဲ့လေယာဉ်ကြောင့် ဂါဇာ၌ သေဆုံးသူ ၈၀၀ ကျော်ပြီဟုဆို

**ဂါဇာစီးတီး ဒီဇင်ဘာ ၄**

ဂါဇာကမ်းမြောင်ဒေသတွင် လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလမှစ၍ အစ္စရေးတို့က မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ပါလက်စတိုင်း ၈၀၀ ကျော် သေဆုံးခဲ့ရကြောင်း၊ အများစုမှာ အရပ်သားများဖြစ်ကြကြောင်း ပါလက်စတိုင်းလူ့အခွင့်အရေးဆိုင်ရာ ဗဟိုဌာနက ပြောကြားသည်။

၂၀၀၆ ခုနှစ် ဇွန်လမှစ၍ ၂၀၁၁ ခုနှစ် အောက်တိုဘာလအထိ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးမောင်းသူမဲ့လေယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်ခံရ၍ သေဆုံးသူ ပါလက်စတိုင်းမှာ ၈၂၅ ဦးအထိရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဒီဇင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြသည်။

အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ရာတွင် ဦးတည်ရာနေရာများ မှားယွင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားများစွာသေဆုံးခဲ့ရသည်။

အစ္စရေးတို့က အက်ဖ်-၁၆ တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များ အသုံးပြုကာ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်းဖြစ်ပွားသော ဂါဇာစစ်ပွဲကာလ၌ ပါလက်စတိုင်း ၁၄၀၀ ကျော် သေဆုံးခဲ့ရသည်။ **အင်တာနက်။**

# လောင်းကစားရန်အလို့ငှာ ခွေးတိုက်ပွဲများ စီစဉ်ခဲ့သည်ဟုယူဆရသော တောင်ကိုရီးယားနိုင်ငံသား ခြောက်ဦး ဖိလစ်ပိုင်၌ ဖမ်းဆီးခံခဲ့ရ

**မနီလာ ဒီဇင်ဘာ ၄**

ပြည်ပနိုင်ငံများမှ လောင်းကစားသမားများအား အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်ပြသရန် ခွေးတိုက်ပွဲများ စီစဉ်ခဲ့သည်ဟု ယူဆရသော တောင်ကိုရီးယားနိုင်ငံသား ခြောက်ဦးကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများတွင် ဖော်ပြသည်။

မနီလာမြို့တော်တောင်ပိုင်း ကျေးလက်ဒေသတစ်ခုရှိ ခွေးတိုက်ပွဲများကျင်းပရာ ခြံဝင်းတစ်ခုကို ဒီဇင်ဘာ ၂ ရက်တွင် ဖိလစ်ပိုင် ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့ရာ ယင်းခြံဝင်းအတွင်းမှ တိုက်ခွေး ၂၄၀ ခန့် တွေ့ရှိထိန်းသိမ်းနိုင်ခဲ့သည်။

### သေဆုံးခဲ့ရ

တောင်ကိုရီးယားနိုင်ငံသား ခြောက်ဦးတို့သည် ခွေးတိုက်ပွဲများအား လွန်ခဲ့သည့် တစ်လခန့်မှ စတင်စီစဉ်ခဲ့သည် ဟု ယူဆရပြီး ယင်းခွေးတိုက်ပွဲများအတွင်း ဒဏ်ရာအနာတရရရှိခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသော ခွေးများလည်းရှိကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ခြံဝင်းအတွင်းမှ တွေ့ရှိရသော ခွေးများကို ဒေသန္တရ တိရစ္ဆာန်စောင့်ရှောက်ရေးဂေဟာတစ်ခုသို့ လွှဲပြောင်းပေးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရသိရသည်။

ခွေးတိုက်ပွဲအလောင်းအစားများကို ပြည်ပနိုင်ငံများ၌သာ ပြုလုပ်ခြင်း၊ သက်သေခံငွေကြေးများအား သိမ်းဆည်းရမှု မရှိခြင်းတို့ကြောင့် တောင်ကိုရီးယားနိုင်ငံသား ခြောက်ဦးအား တရားစွဲဆိုရန် ဥပဒေကြောင်းအရ အရှုပ်အထွေးများရှိနေသော်လည်း တိရစ္ဆာန်ကာကွယ်ရေးဥပဒေချိုးဖောက်မှု၊ တရားမဝင်လောင်းကစားမှုများဖြင့် အရေးယူသွားရန် ဆန္ဒရှိကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

### ထောင်ဒဏ်

ပြစ်မှုထင်ရှားပါက တောင်ကိုရီးယားနိုင်ငံသားများနှင့် အပေါင်းပါများသည် ထောင်ဒဏ် ခြောက်လမှ နှစ်နှစ်အထိ ကျခံရဖွယ်ရှိသည်။ **အင်တာနက်။**



**ခွေးတိုက်ပွဲများတွင် အသုံးပြုရန်အတွက်ထားရှိသော ခွေးသတ္တဝါများကို ဤသို့ တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဒီဇင်ဘာ၂ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ သင်တန်းတွင် ပထမဆုရ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချောသန္တာစိုး၊ ဒုတိယဆုရ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်ခင်နှင်းပွင့်၊ တတိယဆုရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးစီးအရာရှိ ဒေါ်အိအိပိုတို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကိုသင်တန်းသားခေါင်းဆောင်ထံ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ပဉ္စမအကြိမ်မြောက် ပန်းပွဲတော်

## နိုင်ငံတကာအဆင့်မီ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ် ပဉ္စမအကြိမ်မြောက် ပန်းပွဲတော်ကြီးကို ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ နိုင်ငံတကာအဆင့်မီ ပန်းပွဲတော်ဖြစ်စေရန် အထူးအစီအစဉ်ဖြင့် ထူးခြားဆန်းပြားသော ပန်းပြကွက်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြင်ဦးလွင်မြို့သို့ ကမ္ဘာလှည့်ခရီးသည်များ ယခင်နှင့်မတူ ထူးထူးခြားခြား အဝင်၊ အထွက် တိုးတက်များပြားလာသည်နှင့်အမျှ အမျိုးသားကန်တော်ကြီးဥယျာဉ်**(အပေါ်ပုံ)**သည်လည်း ကမ္ဘာလှည့်ခရီးသည်များအတွက် အဓိကကျသော နေရာဌာနတစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ယခုကျင်းပသည့် ပန်းပွဲတော်ဥယျာဉ်ဧရိယာအတွင်းရှိ ပန်းမန်သစ်ပင်များကို ပန်းပွဲတော်အမီ သုံးလခန့် အချိန်ယူ၍ အကောင်းဆုံးနှင့် အထူးခြားဆုံးဖြစ်အောင် ဥယျာဉ်အတွင်းရှိ ဌာနအသီးသီးမှ ဝန်ထမ်းများက အစွမ်းကုန်ကြိုးစားပြင်ဆင်ထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ပန်းပွဲတော်ဧရိယာအတွင်း လေ့လာကြည့်ရှုနိုင်ရန်အတွက် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံတို့မှ မှာယူတင်သွင်းခဲ့သော မျိုးစေ့များမှ စိုက်ပျိုးရရှိထားသော ထူးခြားဆန်းပြားသည့် ပန်းပြကွက်များအပြင် နိုင်ငံခြားမျိုးနှင့် ဒေသမျိုးစုစုပေါင်း ပန်းမျိုး ၄၀ နှင့်အတူ ပန်းပြကွက်အတွင်း စုစုပေါင်း ပန်းပွင့်အရေအတွက် ၂၅၀၀၀၀ ကိုလည်း အနုပညာပြောင်မြောက်စွာဖြင့် ခင်းကျင်းပြသထားသည့်အပြင် အထူးအစီအစဉ်အဖြစ် ဥယျာဉ်အတွင်းရှိ သစ်ခွပန်းခြံကိုလည်း ပန်းပွဲတော်လာပရိသတ်များစိတ်ဝင်စားစေရန် ခင်းကျင်းပြသထားသည်။

ပန်းပွဲတော်သို့ လာရောက်ကြသော ပရိသတ်များအတွက် ဖျော်ဖြေရေးအစီအစဉ်အဖြစ် ဒီဇင်ဘာ ၁၇ ရက်တွင် Iron Cross တေးဂီတအဖွဲ့နှင့်အတူ အဆိုတော်များဖြစ်ကြသော လေးဖြူ၊ အငဲ၊ ဝိုင်ဝိုင်း၊ မျိုးကြီး နှင့် ဒီဇင်ဘာ ၁၈ ရက်တွင် Metal Zone တေးဂီတအဖွဲ့နှင့်အတူ R ဇာနည်၊ လင်းလင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ အောင်လ၊ အေသင်ချိုဆွေ၊ ချမ်းချမ်း၊ အိမ့်ချစ်တို့ကလည်း ပန်းပွဲတော် ညနေဆည်းဆာဂီတပွဲအဖြစ် ပူးတွဲ ကျင်းပသွားမည်ဖြစ်သည်။

ယမန်နှစ် စတုတ္ထအကြိမ်မြောက် ပန်းပွဲတော်ကာလအတွင်း ပြည်တွင်းပြည်ပမှ ဧည့်ပရိသတ် နှစ်သိန်းကျော်ခန့် လာရောက်လေ့လာခဲ့သည်။ ယခုကျင်းပလျက်ရှိသည့် ပဉ္စမအကြိမ်မြောက် ပန်းပွဲတော်၏ထူးခြားစွာ ပြင်ဆင်ထားမှုကြောင့် ပြည်တွင်းပြည်ပမှ ဧည့်ပရိသတ် ယမန်နှစ်ကထက် ပိုမိုလာရောက်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း ထူးကုမ္ပဏီများအုပ်စု၊ တိရစ္ဆာန်ဥယျာဉ်နှင့် ပန်းဥယျာဉ်များလုပ်ငန်းမှ ဒါရိုက်တာ ဦးဝေမျိုးအောင်က ပြောကြားခဲ့သည်။ **(ဆွေ-ပြင်ဦးလွင်)**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်ကောင်စီ၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရွာသစ်ကျေးရွာ အမှတ်(၁၅၇)အခြေခံပညာမူလတန်းလွန်ကျောင်း၊မဲထီးကျေးရွာ အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်းနှင့် ရွာမကျေးရွာ အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းများ၏ ပြုပြင်တည်ဆောက်ပြီးစီးခဲ့သော ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့ရာ ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးတို့က ရွာသစ်ကျေးရွာ အမှတ်(၁၅၇)အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် မဲထီးကျေးရွာ အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရွာမကျေးရွာအမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်နှင့် ဒုတိယဝန်ကြီး ဦးအေးကြူတို့က အမှာစကားပြောကြားကြကာ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်က ကျောင်းပြုပြင်ဆောက်လုပ်မှု မှတ်တမ်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးထံပေးအပ်သည်။ ထို့နောက် ဒိုင်းမွန်းမာကျူရီကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဦးသီဟကျော်က အဆိုပါကျောင်းများသို့ ပညာရေးရန်ပုံငွေကျပ် ၁၀ သိန်းစီ စုစုပေါင်း ငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယနေ့ ပြုပြင်ဆောက်လုပ်ပြီးစီးသော အမှတ်(၁၅၇)အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သည် ၅၄ပေ×၂၈ပေ×၁၈ပေ နှစ်ထပ်ကျောင်းဆောင်နှင့် ပေ၇၀×၂၉ပေ×၉ပေ ကျောင်းဆောင်တစ်ဆောင်၊အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်းဆောင်သည် ၅၄ပေ×၂၄ပေ×၁၁ပေ နှင့် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းဆောင်သည် ပေ၉၀×ပေ၃၀×၁၂ပေ အုတ်ကာ၊ သွပ်မိုးတစ်ထပ် အဆောက်အအုံများဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် မန္တလာဘုံရွှေသစ္စာလမ်းနေ ကွယ်လွန်သူ ဦးမင်းဇော်ဦးနှင့် ဦးလေးမော်တို့ အားရည်စူး၍ မိခင်ကြီး ဒေါ်ချိန်ဝမ်း မိသားစုက ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်နှစ်သိန်းသုံးသောင်း လှူဒါန်းစဉ်။** (ကြေးမုံ)

# အဌမအကြိမ် ဓာတုဗေဒမိသားစု မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒနှင့် ကုန်ထုတ် ဓာတုဗေဒဌာနမှ ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ သို့ဖြစ်၍ ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ရန်နှင့် ၁၉၆၇ ခုနှစ်မှစ၍ ၁၉၇၃ ခုနှစ်အထိ ဓာတုဗေဒဘွဲ့နှင့် ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြရန်၊ ကြိုတင်အလှူငွေများ ပေးလှူခြင်းကို ဦးမောင်မောင်ကြီး(၁၉၆၇) ဖုန်း-၂၀၃၀၇၄၊ ဦးစိုးကြည် (၁၉၆၈) ဖုန်း-၂၂၃၄၉၉၊ ဒေါ်အေးညွန့်ကြည် (၁၉၆၈) ဖုန်း-၅၅၉၉၈၀၊ ဗိုလ်မှူးကြီးကိုကိုကျော် (၁၉၆၉) ဖုန်း-၅၀၁၄၃၂၊ ၅၃၇၄၄၃၊ ဦးစိန်ဝင်း (၁၉၆၉) ဖုန်း-၆၆၄၃၁၂၊ ဦးဇော်ဝင်း (၁၉၇၀) ဖုန်း-၅၉၀၃၄၅၊ ဒေါ်သိဂီကြည် (၁၉၇၀)ဖုန်း-၅၄၆၇၈၀၊ ဒေါ်စန်းစန်းဝင်း(၁၉၇၁)ဖုန်း-၂၉၈၉၉၆၊ ဦးသိန်းရွှေ (၁၉၇၂)ဖုန်း-၂၂၆၂၄၅နှင့် ဒေါ်ဖြူဖြူညွန့် (၁၉၇၃)ဖုန်း-၂၉၂၅၉၃ တို့ထံ ဆက်သွယ်လှူဒါန်းကြရန် ကျင်းပရေးဦးစီးကော်မတီက နှိုးဆော်ထားသည်။ (သတင်းစဉ်)

# ပြည်တွင်း၊ ပြည်ပ အနုပညာရပ်ဝန်း

## THE SMURFS ဇာတ်ဆန်းကား နေပြည်တော်ရုံ၌ ရုံတင်

ဒီဇင်ဘာ ၂ ရက် သောကြာနေ့တွင် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ် မျှော်လင့်နေကြသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် ထူးထူးဆန်းဆန်းဇာတ်ကားဖြစ်သည့် လူပုလေးများ၏ ဘဝကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် THE SMURFS ဇာတ်ဆန်းကား နေပြည်တော်ရုံတွင် ရုံတင်ပြသသည်။

လက်မအရွယ်သာရှိ၍ လက်မဟု အမည်တွင်သော အပြာရောင်လက်မလူမျိုးစုမှ လူပုလေးများမှာ တားမြစ်ထားသည့် လိုဏ်ဂူထဲသို့ ဝင်မိရာမှ ရေဝဲမတွင်းကြီး၏ စုပ်ယူမှုခံရကာ လူသားများ၏ဒေသ နယူးယောက်မြို့သို့ ရောက်ရှိသွားရာ လူသားဇနီးမောင်နှံက ၎င်းတို့အား စောင့်ရှောက်ထားပြီး လက်မတို့ဒေသသို့ ပြန်နိုင်ရန် ကူညီပံ့ပိုးကို ထူးထူးဆန်းဆန်း အထူးပြုလုပ်ချက် ရုပ်ရှင်ပညာဖြင့် ရိုက်ကူးပြသထားသည့် ဇာတ်ကားဖြစ်ရာ အထူးသဖြင့် လူငယ်ပရိသတ်အကြိုက် ဇာတ်ကားတစ်ကားဖြစ်သည်။ ရှေ့ဆောင်ရုံတွင်မူ ပြသဆဲနိုင်ငံခြားဇာတ်ကားဖြစ်သည့် IMMORTALS ဇာတ်ကား ဆက်လက်ပြသမည် ဖြစ်သည်။

### မြန်မာရုပ်ရှင်

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင်ကားသစ် ရုံတင်ခြင်းမရှိဘဲ ပြသဆဲ **'ချောကလက်ဘေဘီ'** ဇာတ်ကားသာ သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် TOP ROYAL ရုံများတွင် ဆက်လက်ပြသမည် ဖြစ်သည်။

မြို့လယ် ဝဇီရာ၊ စံပြ၊ ရွှေမန်း၊ သီတာနှင့် ဝဇီရာ-၂ ရုံများတွင် ပြေတီဦး၊ အိန္ဒြာ ကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်သော 'အားလုံးက ဟော့မှကြိုက်တယ်' ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

မင်းမော်ကွန်း၊ ရန်အောင်၊ စိုးမြတ်သူဇာတို့ ခေါင်းဆောင်ပါဝင်သည့် **'အားအားယားယား'** ဒီဗွီဒီဇာတ်ကားမှာ မကြာမီ မြို့ပတ်ရုံများတွင် ရုံတင်တော့မည်ဖြစ်သည်။

(ကြေးမုံ)



**လက်မအရွယ်လူပုလေးများ နယူးယောက်မြို့သို့ ရောက်ရှိပြီး ဒေသပြန်ရန် လူသားဇနီးမောင်နှံတို့က ကူညီထားပုံကို အထူးပြုလုပ်ချက်များဖြင့် ရိုက်ကူးပုံဖော်ထားသည့် THE SMURFS ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

## ဂရမ်မီဆုများစာရင်းထိပ်ဆုံးတွင် ရက်ပ်ပါကာညေးဝက်စ်ပါနေ

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် (၅၄)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် အမေရိကန် နာမည်ကြီးရက်ပ်ပါ ကာညေးဝက်စ်**(အောက်ပုံ)**က ဆုအမျိုးအစား ခုနစ်မျိုး အမည်စာရင်းတင်သွင်းခံရပြီး ဆုအများဆုံး လက်ခံရရှိမည့် အဆိုတော်အဖြစ် ရေပန်းစားလျက်ရှိသည်။

ရီဟာန်နာ၊ ကစ်ကူဒီနှင့် ဖာဂီတို့ အားဖြည့်ကူညီသီဆိုပေးထားသော ကာညေးဝက်စ်၏ All of the Lights တေးသီချင်းမှာ တစ်နှစ်တာအကောင်းဆုံး တေးသီချင်းဆုအတွက် အမည်စာရင်းတင်သွင်းခံရသကဲ့သို့ ဂျေ-ဇက်နှင့် ပူးတွဲသီဆိုထားသော Watch the Throne တေးအယ်လ်ဘမ်မှာလည်း အကောင်းဆုံးရက်ပ်တေးအယ်လ်ဘမ်ဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရသည်။

ကာညေးဝက်စ်၏ နောက်တွင် အဒီးလ်၊ ဖိုးဖိုက်တာနှင့် ဘရူနိုမားစ်တို့က ဆုအမျိုးအစားခြောက်မျိုးစီဖြင့် ဒုတိယနေရာမှ ရေပန်းစားလျက်ရှိကြသည်။

အဒီးလ်၏ Rolling in the Deep တေးသီချင်း၊ Mumford & Sons ၏ The Cave တေးသီချင်း၊ ဘရူနိုမားစ်၏ Grenade တေးသီချင်းနှင့် ဘွန်းအိုင်ဗာ၏ Holocene တေးသီချင်းတို့သည် အကောင်းဆုံး တေးသီချင်းဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရသည်။



(၅၄)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ လာမည့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

**အင်တာနက်။**

**အေဝမ်းစိုး**

# ကမ္ဘာ့မသန်စွမ်းသူများ အခြေအနေနှင့် မသန်စွမ်းသူများ၏ မျိုးဆက်ပွားကျန်းမာရေး

ဒေါက်တာသိင်္ဂီမြင့်
(ဒုညွှန်မှူး၊ မိခင်ကလေး)

**ကမ္ဘာ့မသန်စွမ်းသူများ၏ အခြေအနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွက်ချက်ခန့်မှန်းချက်အရ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၅ ရာခိုင်နှုန်း တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေ သန်းတစ်ထောင်ကျော်သည် မသန်စွမ်းသူများဖြစ်ကြကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် တစ်မိနစ်လျှင် အမျိုးသမီး ၃၀ သည် ကလေးမွေးဖွားခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်း (သို့မဟုတ်) မသန်စွမ်းဖြစ်ခြင်းတို့ကို ခံစားနေရပါသည်။ အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းသည် မသန်စွမ်းသူများနှင့် အနီးကပ်နေထိုင်ကြသူများ ဖြစ်ကြသည်။

မသန်စွမ်းသူများဆိုသည်မှာ မျက်စိမမြင်သူ၊ နားမကြားသူ၊ ကိုယ်လက်အင်္ဂါချို့တဲ့သူ၊ စိတ်ကျန်းမာရေးချို့တဲ့သူနှင့် ဉာဏ်ရည်နိမ့်ကျသူများ ပါဝင်သည်။ မသန်စွမ်းဖြစ်ရခြင်းမှာ ဘဝတစ်ခုလုံးဆုံးရှုံးရသည်နှင့်မခြား ဖြစ်သကဲ့သို့ ဝင်ငွေမရှာနိုင်ခြင်း၊ မိသားစုအပေါ် မှီခိုရခြင်း၊ နေ့စဉ်လုပ်ငန်းများအတွက် မိသားစုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်ရခြင်း၊ စိတ်ဓာတ်ကျခြင်း၊ သက်တမ်းစေ့မနေရခြင်းများ ဖြစ်စေနိုင်သည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆင်းရဲချို့တဲ့သူများ၏ ၂၀ ရာခိုင်နှုန်းကို လျစ်လျူရှုခြင်းဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင် ပြည့်မီရေးအတွက် အဟန့်အတားဖြစ်စေသည်။

**မသန်စွမ်းသူများအတွက် အရေးကြီးသောသတင်းအချက်အလက်များမှာ**

(၁) မသန်စွမ်းဖြစ်ခြင်းသည် အားလုံးနှင့်သက်ဆိုင်ပါသည်။

(၂) မသန်စွမ်းသူများသည် နေမကောင်းဖြစ်နေသူများ မဟုတ်ကြပါ။

(၃) မသန်စွမ်းသူများတွင်လည်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ရှိပါသည်။

(၄) မသန်စွမ်းသူများအတွက် သွားလာရေးလွယ်ကူအောင် ဆောင်ရွက်ပေးရုံမျှဖြင့် ကျန်းမာရေးအတွက် လက်လှမ်းမီသည်ဟု မဆိုနိုင်ပါ။

(၅) လူ့ဘဝတွင် လူသားအားလုံးအတွက် လိုအပ်သောအရာများကို မသန်စွမ်းသူများကလည်း လိုအပ်ပါသည်။

(၆) မညီမျှမှုသည် မသန်စွမ်းသူများအတွက် အဓိက အဟန့်အတားဖြစ်ပါသည်။

(၇) မသန်စွမ်းသူများသည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်၊ ပုဂ္ဂိုလ်ရေးလုံခြုံမှု၊ အလေးထားဆက်ဆံမှုနှင့် ဂုဏ်သိက္ခာများကို ရခွင့်ရှိပါသည်။

(၈) မသန်စွမ်းသူနှင့် လိုက်လျောညီထွေမည့် ကျန်းမာရေးဝန်ဆောင်မှုကို ကျန်းမာရေးစနစ် လမ်းကြောင်းအတွင်း ထည့်သွင်းနိုင်လျှင် အကောင်းဆုံးနှင့် အလွယ်ကူဆုံးဖြစ်ပါသည်။

(၉) စီမံချက်လုပ်ငန်းအားလုံးတွင် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းများကို အမြဲတမ်းပါဝင်ရမည် ဖြစ်ပါသည်။

(၁၀) **"ကိုယ်တိုင်ကိုယ်ကျပါဝင်မှ သန်စွမ်းလှပတဲ့ဘဝ"** ဆိုသည့်အတိုင်း မသန်စွမ်းသူများကိုယ်တိုင် အဆင်ပြေမည့်လုပ်ငန်းများ ရေးဆွဲပါဝင်ကူညီခြင်းဖြင့် အကောင်းဆုံးဖြစ်မည့် စီမံကိန်းရရှိနိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခြေအနေ**

မြန်မာနိုင်ငံရှိ လူအများနားလည်လက်ခံသည့် မသန်စွမ်းသူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခြေခံပြီး ကောက်ယူခဲ့သော မြန်မာနိုင်ငံလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အခြေခံမသန်စွမ်းမှုစာရင်းစစ်တမ်း (၂၀၀၈-၂၀၀၉)အရ မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း သိရှိရသည်။

(၆၁) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံအရ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Person with Disabilities, CRPD)ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံအသီးသီးတွင် ဆောင်ရွက်ရန် လက်ခံအတည်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**မသန်စွမ်းသူများ၏ မျိုးဆက်ပွားကျန်းမာရေး**

မသန်စွမ်းသူများတွင်လည်း မျိုးဆက်ပွားကျန်းမာရေးပြဿနာများနှင့် လိုအပ်ချက်များသည် သာမန်လူများကဲ့သို့ ရှိနိုင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်မှုဆိုင်ရာနှင့် အကြမ်းဖက်မှုများ ရရှိလွယ်သော အုပ်စုဖြစ်ပြီး အိပ်ချ်အိုင်ဗွီ လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ အပါအဝင် မျိုးဆက်ပွားကျန်းမာရေးပြဿနာများ ပိုမိုဖြစ်ပွားနိုင်သည်။

၁၉၉၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လူဦးရေဖွံ့ဖြိုးမှုညီလာခံမှ မသန်စွမ်းသူများအတွက် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဌာနဆိုင်ရာအသီးသီး၊ စီမံချက်အသီးသီးတို့မှ မသန်စွမ်းသူများ၏ လိုအပ်ချက်များ၊ သားဆက်ခြားနည်းနှင့် လိင်မှုဆိုင်ရာ ကျန်းမာရေးအပါအဝင် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု၊ HIV/AIDS၊ ဆက်သွယ်ပညာပေးခြင်းတို့ကို ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြထားသည်။ ကျန်းမာရေးဝန်ထမ်းများအပါအဝင် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူတစ်ရပ်လုံးမှ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှု မရှိစေရန်နှင့် မသန်စွမ်းသူများအတွက် ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ အသိပညာအလေ့အထများနှင့် ပူးပေါင်းပါဝင်မှုတို့ ပိုမိုတိုးတက်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်။

မသန်စွမ်းသူများအတွက် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်

(၁) မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) ပြည်သူလူထုအတွင်း မသန်စွမ်းသူများနှင့်ပတ်သက်၍ ပိုမိုနားလည်သဘောပေါက်စေရန် ဆောင်ရွက်ခြင်း၊

(၃) ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ မသန်စွမ်းသူများထံ ရောက်ရှိစေရန်နှင့် ဝန်ဆောင်မှုများပေးနိုင်ရန် ဆောင်ရွက်ခြင်း၊

(၄) မူဝါဒများ၊ ဥပဒေများ၊ အသုံးစရိတ်များ ချမှတ်ခြင်း၊

(၅) သုတေသနဆောင်ရွက်ခြင်း စသည့် အချက်(၅)ချက်ကို အလေးထားဆောင်ရွက်ခြင်းဖြင့် ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

**မသန်စွမ်းသူများအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ**

❖ မသန်စွမ်းသူများကို မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်သော စာနာနားလည်မှု၊ တန်းတူရည်တူ ရှိမှုများနှင့် ဆက်ဆံသင့်ပါသည်။

❖ မသန်စွမ်းသူများလည်း မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများအားလုံး ရပိုင်ခွင့်ရှိပါသည်။

❖ မသန်စွမ်းမှုအပေါ် အနိုင်ကျင့်ခြင်း၊ အကြမ်းဖက်ခြင်းများမရှိအောင် ကာကွယ်ပေးသင့်ပါသည်။

**မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်းအခမ်းအနား**

မြန်မာနိုင်ငံတွင် ကမ္ဘာ့မသန်စွမ်းသူများအခြေအနေအား အစီရင်ခံတင်ပြခြင်းနှင့် မသန်စွမ်းသူများ၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်းအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင် ပြည့်မီရေးအတွက် မသန်စွမ်းသူများ၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုကို အလေးထားဆောင်ရွက်ရန် ရည်ရွယ်လျက် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်၏ ကိုယ်စား Ms. Alana Margaret Officer, Coordinator, Disability and Rehabilitation, (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်)က ကမ္ဘာ့မသန်စွမ်းသူများ အခြေအနေကို ရှင်းလင်းတင်ပြကာ အထူးဖိတ်ကြားထားသော မသန်စွမ်းသူ နှစ်ဦးမှ မသန်စွမ်းသူများ၏ ဘဝအတွေ့အကြုံများကို ပြောကြားဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော မသန်စွမ်းသူများ၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်းအခမ်းအနား ကျင်းပသော နိုင်ငံဖြစ်ပါသည်။

သို့ဖြစ်၍ မသန်စွမ်းသူများ၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာကာ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် အထောက်အပံ့တစ်ခုဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုလျက် ရေးသားတင်ပြလိုက်ရပါသည်။ ။

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကမ္ဘောဇဘဏ်အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းဌာန ဖွင့်ပွဲတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် ကျောက်တံတားမြို့နယ် ဘဏ်လမ်း၌ကျင်းပသည့် ကမ္ဘောဇဘဏ်အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘောဇဘဏ်အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ကမ္ဘောဇဘဏ် အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းဌာနတွင် နိုင်ငံခြားသုံးငွေများအား ငွေသားဖြင့်ဖြစ်စေ၊ ခရီးသွားချက်လက်မှတ်ဖြင့်ဖြစ်စေ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ၊ Money Exchange လုပ်ငန်း၊ Bank to Bank Account Transfer လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုဝင်ဘာ ၂၇ ရက်က စီးပွားရေးတက္ကသိုလ် (၁၉၉၄-၉၅) ဘွဲ့ရများအဖွဲ့၏ ဒသမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းသွယ် (၁) ၌ ကျင်းပရာ ခင်မောင်ညို (ဘောဂဗေဒ)က Market and Challenges ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောစဉ်။ (ကြေးမုံ)

## အထက(၄) မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ဂါရဝပြုနိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)

## ပန်းတောင်းနှင့် ပြည်မြို့တို့၌ မိုးစပါးရိတ်သိမ်းပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့နယ်နှင့် ပြည်မြို့နယ်တို့၌ မိုးစပါးအထွက်နှုန်း မြင့်မားစေရေးအတွက် ခေတ္တရာပဟာ်သာ ဆန်စပါး အထူးပြုကုမ္ပဏီနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းစိုက်ပျိုးထားသော အထူးအထွက်တိုးစပါး မိုးစပါး ရိတ်သိမ်းပွဲများကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပခဲ့သည်။**(အောက်ပုံ)**

နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီတွင် ပန်းတောင်းမြို့နယ် နတ်မောက်အုပ်စု ညောင်ကုန်းကျေးရွာ အကျိုးဆောင် တောင်သူဒေါ်စောစိန်၏ အထူးအထွက်တိုး စပါးစိုက်ခင်းကို ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း ၁၂၂ ဒသမ ၈ တင်း ထွက်ရှိခဲ့ပြီး ယခင်နှစ် မိုးစပါးရာသီတွင် ၆၅ ဒသမ ၂၅ တင်းသာ ထွက်ရှိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် ပြည်မြို့နယ် တွင်းပြည်းအုပ်စု တွင်းပြည်းကျေးရွာအကျိုးဆောင် တောင်သူ ဦးတင်ကိုဦး၏ အထူးအထွက်တိုးစပါး စိုက်ခင်းကို ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း ၁၄၂ ဒသမ ၈ တင်း ထွက်ရှိခဲ့ပြီး ယခင်နှစ် မိုးရာသီတွင် ၇၀ ဒသမ ၃၅ တင်းသာ ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းပွဲများသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအံ့မော်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာဦးစိုးနိုင်၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ခေတ္တရာပဟာ်သာ ဆန်စပါးအထူးပြုကုမ္ပဏီ မန်နေဂျာ၊ ဝန်ထမ်းများနှင့် ပူးပေါင်းရိတ်သိမ်းသည့် တောင်သူ ၁၁၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ (၉၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် "မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး" ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းသင်းမြ အမှာစကားပြောကြားစဉ်။

(ကြေးမုံ)





ဒီဇင်ဘာ ၃ ရက်က မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အားကစားဝါသနာရှင်များ ရန်ကုန်မြို့ ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

# ၂၀၁၁ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် လူထုအားကစားလှုပ်ရှားမှုများကို နှစ်စဉ်ဒီဇင်ဘာလတိုင်း လူထုအားကစားလအဖြစ် သတ်မှတ်၍ စုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပမြဲဖြစ်ရာ ၂၀၁၁ခုနှစ် ဒီဇင်ဘာလ၏ စနေနေ့များတွင်လည်း လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ လူထုအားကစားလှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတို ပြိုင်ပွဲများကိုလည်း ကျင်းပပေးသွားမည်ဖြစ်ရာ ဝတ္ထုတိုပြိုင်ပွဲတွင် ဖူးစကပ်စာမျက်နှာ ငါးမျက်နှာမှ ရှစ်မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားနိုင်ပြီး ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးကို မူတည်ကာ ရေးသားရမည်။

ဆောင်းပါးပြိုင်ပွဲတွင် စာမျက်နှာ လေးမျက်နှာမှ ခြောက်မျက်နှာအထိ ရေးသားနိုင်ပြီး လူထုအားကစားနှင့် ပတ်သက်သည့် အကြောင်းအရာများကို မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်အောက်တွင် ရေးသားဖော်ပြနိုင်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၁၀ လက်မ ×၁၂ လက်မ အရွယ် ၂၀၁၁ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု သရုပ်ပေါ်လွင်စေရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် မိမိတို့၏ ဝတ္ထုတို၊ ဆောင်းပါးစာမူများနှင့် ဓာတ်ပုံများကို ၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးကော်မတီ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ကျိုက္ကဆံကွင်း ရန်ကုန်မြို့ ဖုန်း-၀၁-၄၀၀၄၃၁ နှင့် ၄၀၀၈၉၂ တို့သို့ ပေးပို့ဆက်သွယ်ဆောင်ရွက်နိုင်သည်။

ဆုရရှိကြသူများအား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများအဖြစ် ရွေးချယ်ကာ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ရာ ဆုချီးမြှင့်အစီအစဉ်ကို ကြိုတင်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပြည်ထောင်စုတရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက် ကျိုင်းတုံ၌ ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုတရားသူကြီးချုပ်မှ ဧရာဝတီတိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် လွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံး အမှုထမ်းများအား တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားခဲ့ခြင်းနှင့် နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပသည့် ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ ရှမ်းပြည်နယ် တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများအား တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားခဲ့ခြင်းတို့အား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ကျိုင်းတုံခရိုင် တရားရုံး၌ ကျင်းပရာ အခမ်းအနားသို့ ကျိုင်းတုံခရိုင် တရားသူကြီးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မန္တလေးကညနရုံး၌ 'ည' အက္ခရာ မှတ်ပုံတင်မော်တော်ယာဉ်များ လက်ခံဆောင်ရွက်ပေး

**မန္တလေး ဒီဇင်ဘာ ၄**

မှတ်ပုံတင်သက်တမ်း နှစ်(၃၀) ကျော်ယာဉ်အို၊ ယာဉ်ဟောင်းများကို အပ်နှံ၍ အစားထိုးယာဉ် တင်သွင်းခြင်းအား ဒုတိယအဆင့်အနေဖြင့် ဈ အက္ခရာများကို နိုဝင်ဘာ ၈ ရက်က စတင်ဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍ ည အက္ခရာ မှတ်ပုံတင်မော်တော်ယာဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် နိုဝင်ဘာ ၃၀ ရက်မှစကာ မန္တလေး ကညနရုံးတွင် လက်ခံဆောင်ရွက်ပေးနေပြီဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသည့် ည အက္ခရာယာဉ်ပေါင်း ၁၅၇၇ စီးရှိပြီး ဈ အက္ခရာယာဉ်ပေါင်း ၂၁၃၂ စီး၊ စ-ဆ-ဇ အက္ခရာယာဉ်ပေါင်း ၆၂၆၃ စီးရှိရာ နိုဝင်ဘာ ၂၉ ရက်အထိ စ-ဆ-ဇ အက္ခရာယာဉ်ပေါင်း ၅၂၂၄ စီး၊ ဈ အက္ခရာယာဉ်ပေါင်း ၁၄၈၉ စီး လာရောက်ဆောင်ရွက်ထားပြီး ဖြစ်သည်။ ဆောင်ရွက်ဆဲဖြစ်သော အနှစ်(၄၀) ကျော် သက်တမ်းရှိယာဉ်များဖြစ်သည့် စ၊ ဆ၊ ဇ၊ ဈ အက္ခရာယာဉ်များကိုလည်း ဆက်လက်လက်ခံဆောင်ရွက်ပေးလျက် ရှိသည်။ ကားဟောင်းများအပ်နှံရာတွင် မြင်းခြံသံမဏိစက်ရုံတွင်သာ အပ်နှံခြင်းကို လက်ခံဆောင်ရွက်ပေးနေကာ မှတ်ပုံတင်ထားသည့်ရုံးများတွင် ဖျက်သိမ်းပြီးပါက ယာဉ်အပ်နှံရေးအတွက် မြင်းခြံမြို့ရှိ အပ်နှံယာဉ်များ လက်ခံမည့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအဖွဲ့များရှိရာသို့ ဖုန်း-၀၉-၂၀၁၁၈၉၀၊ ၀၉-၄၇၁၀၅၃၇၀၊ ၀၉-၉၁၀၁၉၁၉၀ တို့သို့ ကြိုတင်ဆက်သွယ်ကာ အခြေအနေမေးမြန်းပြီး သွားရောက်အပ်နှံကြရမည် ဖြစ်သည်။

ယာဉ်မှတ်ပုံတင် ဖျက်သိမ်းခြင်းအတွက် ဆောင်ရွက်ရာတွင် မှတ်ပုံတင်သက်တမ်း နှစ် (၄၀) ကျော် ကြာမြင့်ယာဉ်များအားကောင်း၊ ညံ့ သတ်မှတ်ပေးလျက်ရှိရာ မှတ်ပုံတင်သက်တမ်း နှစ် (၄၀) ကျော်ကြာပြီဖြစ်သဖြင့် ညံ့သတ်မှတ်ခြင်း၊ ဘော်ဒီ၊ ဆေး၊ အမိုး၊ ကြမ်းခင်းများ၊ တာယာများနှင့် ယာဉ်တစ်စီး၏ အင်္ဂါရပ်များ ပြည့်စုံကောင်းမွန်ခြင်း၊ မီးခိုးမထွက်ခြင်း၊ Running Condition ရှိခြင်းစသည်ဖြင့် ပြည့်စုံကောင်းမွန်သော ယာဉ်များသာကောင်း သတ်မှတ်ခြင်း၊ တစ်မျိုးမျိုးမပြည့်စုံ၊ မကောင်းမွန်ပါက ညံ့ သတ်မှတ်ခြင်း ဆောင်ရွက်ပေးနေသည့်အတွက် ယာဉ်အပ်နှံရေး ဆောင်ရွက်သူများအနေဖြင့် ကညနရုံးများရှိ ကြေညာချက်များကို သေချာစွာဖတ်ရှုပြီး ဆောင်ရွက်ကြရန် ဖြစ်သည်။ (၀၀၂)

# ဒေသထွက်ပြောင်းဆန်ရောင်းကုန်များ မျက်နှာပန်းပွင့်စေသော လားရှိုးကုန်စည်ဒိုင်၏ အခြောက်ခံစက် တည်ဆောက်လည်ပတ်လျက်ရှိ

**မိမိတို့ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒေသခံတောင်သူများ အဓိကအားပြုစိုက်ပျိုးလာကြသော အစေ့ထုတ်ပြောင်းမှာ နှစ်စဉ်ပြောင်းစိုက်ဧက ရနိုင်သမျှ တိုးချဲ့လာကြသည်ဖြစ်၍ ပြည်ပသို့ တင်ပို့ရောင်းချမှုမြင့်မားလာလျက်ရှိသည်။ တစ်ဧကအထွက်နှုန်းကိုလည်း တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းလာသည်။**

ယခုနှစ်မိုးရာသီက လားရှိုးမြို့နယ်တွင် ဧက ၁၄၈၀၊ နမ္မတူမြို့နယ်တွင် ၇၂၂ ဧက၊ မိုင်းရယ်မြို့နယ်တွင် ၄၁၂ ဧကနှင့် သိန်းနီမြို့နယ်တွင် ၂၅၄၇ ဧက၊ အဓိကစိုက်ပျိုးကြသော လေးမြို့နယ်မှာပင် စုစုပေါင်း ပြောင်းစိုက်ဧက ၅၁၆၁ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးထားကြောင်း သိရသည်။ ပြည်နယ်ချုပ်စာရင်းအရ ပြောင်းစိုက်ဧက တစ်သိန်းရှစ်သောင်းကျော် တိုးချဲ့စိုက်ပျိုးလာကြောင်း တွေ့ရသည်။

ယင်းသို့ အထွက်နှုန်းမြင့်မားလာသော အစေ့ထုတ်ပြောင်းဆန်များ ပြည်ပဈေးကွက် တစ်ဖက်နိုင်ငံသို့ ဝယ်လိုအားပြည့်မီအောင် တင်ပို့ရောင်းချနိုင်ခဲ့ကြသည်။ သို့သော်လည်း ရံဖန်ရံခါ ထင်သလောက် ခရီးမပေါက်သည်များလည်း တွေ့ကြုံနေကြရကြောင်း၊ တိုင်းရင်းသား ကုန်သည်များထံမှ ကြားသိရသည်။ အဓိက ကြုံကြရသော အခက်အခဲမှာ မိမိတို့၏ ထုတ်ကုန်အစေ့ထုတ်ပြောင်းဆန်များ ဝယ်လက်တို့အလိုကျ ခြောက်သွေ့ရန် လိုအပ်နေခြင်းကြောင့်ဟု ဆိုသည်။

တစ်ဖက်နိုင်ငံမှ ဝယ်လက်တို့သည် မိမိတို့၏ အစေ့ထုတ်ပြောင်းဆန်များကို စိစစ်လက်ခံ ဝယ်ယူရာ၌ စိုထိုင်းဆ အတိအကျ တိုင်းတာယူကြသည်။ စိုထိုင်းဆမြင့်မားနေပါက လက်မခံကြ။ လက်ခံမည်ဆိုလျှင်လည်း ဈေးနှိမ်ပေးကြသည်။ ဤသို့ဖြင့် ထိုက်တန်သော ဈေးမရကြ။ ကုန်သည်တို့မှာလည်း ဝယ်လက်တို့ ဈေးကောင်းပေးနေချိန်၊ အချိန်နှင့်တစ်ပြေးညီရောင်းချလိုကြသဖြင့် ပြောင်းဆန်များကို နေပူချိန်စောင့် နေလှန်းချိန်လုံလောက်အောင် မပေးနိုင်ကြ၍ ဖြစ်သည်။

ထိုသို့ အခက်အခဲများ မကြာခဏ နှစ်စဉ်ပြောင်းရာသီတိုင်းလိုလို တွေ့ကြုံရင်ဆိုင်နေကြရသဖြင့် လားရှိုးမြို့ လက်ကားကုန်စည်ဒိုင်မှာ ဒေသခံတောင်သူတို့နှင့် လက်ပွန်းတတီးရှိသည်ဖြစ်ရာ အဆိုပါအခက်အခဲကို သိရှိကူညီဖြေရှင်းပေးနိုင်ရန် တွေးကြံအားထုတ်ကြသည်။ ယခုအခါ လိုအင်ဆန္ဒများ အကောင်အထည် ပေါ်လာပြီဖြစ်သည်။

၁၈-၉-၂၀၁၁ ရက်နေ့တွင် အစေ့ထုတ်ပြောင်းများအတွက် ရည်ရွယ်ထားသော အခြောက်ခံစက်ကို တည်ဆောက်လုပ်ကိုင်လာနိုင်ပြီဖြစ်သည်။ ခြောက်သွေ့စေရန် အပူပေးစနစ်မှာ ထင်းမီးအပူဖြင့် ဘွိုင်လာအိုးကို အပူပေးကာ ရရှိလာသော အပူငွေ့များကို သံပြွန်ပိုက်လိုင်းမှတစ်ဆင့် အစေ့ထုတ်ပြောင်းဆန်များ ဖြန့်ခင်းထားရာသို့ ပေးပို့ခြင်းဖြစ်သည်။ ရှင်းလင်းလွယ်ကူစွာ တည်ဆောက်ထားခြင်းဖြစ်သည်။

လက်ရှိအဆောက်အအုံမှာ အလျား ပေ ၅၀၊ အနံ ၁၄ ပေ၊ သွပ်မိုး အုတ်ကာ ကွန်ကရစ်ခင်းဖြစ်သည်။ ပြောင်းဆန်များကို တစ်ကြိမ်အခြောက်ခံလျှင် လေးတန်မှ ငါးတန်အထိ အသုံးပြုနိုင်သည်။ ထိုသို့ ပြောင်းဆန်များ ဝယ်လက်တို့ အလိုကျ ခြောက်သွေ့စေရုံမျှမက အမှုန်အမွှားများကိုပင် သန့်စင်ပေးနိုင်သေးသည်။ လက်တွေ့တွင်မူ ပြောင်းဆန်များသာမက စိုထိုင်းဆကျဆင်း၊ ခြောက်သွေ့ရန်လိုအပ်သော ရောင်းကုန်များဖြစ်သည့် ဝဥ၊ မျှစ်၊ မြေပဲ၊ နှမ်းစသည့် သီးနှံများကိုလည်း





အလားတူ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ဆောင်ခ (နဝလီခ)သည် မိမိတို့၏ သီးနှံပေါ် အခြေအနေမူတည်၍ ပြောင်းဆန်အတွက် သတ်မှတ်နှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၀ သတ်မှတ်ထားကြောင်း သိရသည်။ "အရင်က ငွေကျပ် ၂၀ သတ်မှတ်တာပါ၊ တကယ်တမ်းလုပ်ကြည့်တော့ ထင်းမီးဖိုးမကာမိဖြစ်နေတာနဲ့ ခုတော့ ငွေကျပ် ၃၀တိုးမြှင့်သတ်မှတ်လိုက်တာပါ"ဟူ၍ အခြောက်ခံစက်ကို တာဝန်ယူထားသူ ကုန်စည်ဒိုင် ဝန်ထမ်း ဦးကျော်မြင့်က ရှင်းပြသည်။

ပြောင်းဆန်များကို ဝယ်လက်ထံသို့ တင်ပို့ရောင်းချရာ၌ ပြောင်းဆန်စိုထိုင်းဆကို စနစ်တကျတိုင်းတာ၊ ဈေးအနိမ့်အမြင့်၊ ဈေးဖြတ်ခံရရုံမျှမက အခြောက်ခံရာ၌ အရောင်ပျက်ခြင်း၊ မီးခိုးနံ့စွဲခြင်းများလည်း ရှိသေးသည်။ ထိုသို့သော ပြဿနာများ ကျော်လွှားနိုင်ရန် အကောင်းဆုံးမှာ ယခုကဲ့သို့ အခြောက်ခံစက်ဖြင့် ပြုပြင်ကာ မိမိတို့ရောင်းကုန်ကို မျက်နှာပန်းလှအောင် လုပ်ကြရမည်ဖြစ်သည်။ ဈေးကောင်းပေးနေချိန် အလျဉ်မီ၍ နေအပူ၊ ရာသီဥတုကိုလည်း စောင့်နေစရာမလိုတော့ပါ။

ဤသို့ဖြင့် ယခုအခါ မိမိတို့ဒေသခံတောင်သူများ အထွက်နှုန်းကောင်းပြောင်းဆန်များကို တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချကြရာတွင် မျက်နှာပန်းလှစွာ ဈေးနှိမ်မခံရဘဲ ထိုက်တန်စွာရရှိလာကြသဖြင့် တောင်သူတို့စီးပွားတိုးအကျိုးဖြစ်ထွန်းလျက်ရှိလာကြောင်း သိရသည်။ ။

# အမှန်တကယ် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသော စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သားစဉ်မြေးဆက် ဆက်လက်လုပ်ကိုင်ခွင့်ပြုမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

လယ်ယာကဏ္ဍတွင် အမှန်တကယ် ရင်းနှီးမြှုပ်နှံ၍ ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နေသော စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သားစဉ်မြေးဆက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိစေရန် နှစ် (၃၀) ကျော်သည်အထိ အကြိမ်ကြိမ်လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုသို့ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၊ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နေသူများကို နှစ် (၃၀) ကျော်သည်အထိ အကြိမ်ကြိမ်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိပါက ဥပဒေနှင့်အညီ စနစ်တကျပြန်လည်အပ်နှံနိုင်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ယခင်မူလက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် နိုင်ငံတော်အထူးစီမံကိန်းကြီး တစ်ခု တည်ဆောက်အကောင်အထည်ဖော်ရန်အလို့ငှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှု ဦးစီးဌာနမှ လွှဲပြောင်းရယူခဲ့သော လယ်ယာမြေများကို အထူးစီမံကိန်းဆောင်ရွက်ခြင်း မရှိတော့သဖြင့် ယခင်အစိုးရလက်ထက်တွင် နွေစပါးစိုက်ပျိုးထုတ်လုပ်ရန် သင့်တော်သော ပုဂ္ဂိုလ်များကို ခေတ္တခွင့်ပြုပေးခဲ့သည်။ တောင်သူနှင့် အထူးပြုကုမ္ပဏီများ အကျိုးတူပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ရန် ယခင်အစိုးရလက်ထက်ကပင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ အစိုးရသစ်လက်ထက်တွင် အမှန်တကယ်လုပ်ကိုင် ဆောင်ရွက်နေသူများကို နှစ် (၃၀) တိုင် သားစဉ်မြေးဆက်အထိ ဆက်လက်လုပ်ကိုင်နိုင်ရန် အကြိမ်ကြိမ်ခွင့်ပြုပေးသွားမည်ဟု သိရသည်။

အဆိုပါ လယ်မြေများတွင် အထူးပြုကုမ္ပဏီ ၁၈ ခုက လယ်မြေဧက ၁၀၀၀၀ ခန့်ကို အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၀၁)

# ဖိတ်ခေါ်ဖူဆယ် ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

၂၀၁၁ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကရင်သက္ကရာဇ် ၂၇၅၁ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် အလုံမြို့နယ် အထက(၁) ကရင်ခြံ အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးစောထွန်းအောင်မြင့်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**လယ်ယာစပါးပြည့်အားထား တားဆီးကာကွယ်မီးရန်စွယ်**

**✳ ရှေ့ဖုံးမှ**

ပါဝင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲတွင် အဝါမီလိဂ်ပါတီကို ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အမတ်နေရာ သုံးနေရာ အနိုင်ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ရှိတ်ဟာဆီနာသည် ဘင်္ဂလားဒေ့ရှ် ပဉ္စမအကြိမ် ပါလီမန်၌ အတိုက်အခံခေါင်းဆောင်ဖြစ်လာခဲ့ပြီး ပါလီမန်ရှိ နိုင်ငံရေးပါတီအားလုံးတို့အား ဦးဆောင်ကာ သမ္မတစနစ်မှ ပါလီမန်စနစ်သို့ ပြောင်းလဲခဲ့သည်။

၁၉၉၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ပြုလုပ်သည့် ပါလီမန်ရွေးကောက်ပွဲတွင် ဘင်္ဂလားဒေ့ရှ် အဝါမီလိဂ်ပါတီသည် အင်အားကြီးပါတီအဖြစ် ရပ်တည်ခဲ့ပြီး ၁၉၉၆ ခုနှစ် ဇွန် ၂၃ ရက်တွင် ရှိတ်ဟာဆီနာသည် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။ ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ဆင်းရဲမွဲတေမှုလျှော့ချရေးအပါအဝင် တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျသည့် မူဝါဒအမြောက်အမြားကို ချမှတ်ခဲ့သည်။

ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် အမေရိကန်နိုင်ငံ Boston University မှ ချီးမြှင့်သည့် Degree of Doctor of Law၊ ဂျပန်နိုင်ငံ Waseda University မှ ချီးမြှင့်သည့် Honorary Doctor of Law၊ ဗြိတိန်နိုင်ငံ University of Abertay Dundee မှ ချီးမြှင့်သည့် Honorary Doctorate of Philosophy၊ အိန္ဒိယနိုင်ငံ Visva Bharati University of West Bangal မှ ချီးမြှင့်သည့် Honorary Degree of Desikottama (Doctor of Literature, Honoris Causa)၊ ဩစတြေးလျနိုင်ငံ Australian National University မှ ချီးမြှင့်သည့် Degree of Doctor of Laws, Honoris Causa၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Dhaka University မှ ချီးမြှင့်သည့် Doctor of Laws၊ ဘယ်လ်ဂျီယံနိုင်ငံ Catholic University of Brussels မှ ချီးမြှင့်သည့် Honorary Doctorate Degree (Doctor Honoris Causa)၊ အမေရိကန်နိုင်ငံ Bridgeport University မှ ချီးမြှင့်သည့် Honorary Doctor of Humane Letters ဘွဲ့များကို ရရှိခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) မှ ချီးမြှင့်သည့် Houphouet Boigny ငြိမ်းချမ်းရေးဆု၊ အမေရိကန်နိုင်ငံ Randolph Macon Women's College မှ ချီးမြှင့်သည့် 1999 Pearl S. Buck Award ဆု၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) မှ ချီးမြှင့်သည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု CERES ဆု၊ The All India Peace Council မှ ချီးမြှင့်သည့် Mother Teresa Award ဆုတံဆိပ်များအပြင် နော်ဝေနိုင်ငံ The Mahatma MK Gandhi Foundation of Oslo မှ ချီးမြှင့်သည့် M.K Gandhi Award ဆု တို့ကိုလည်း ရရှိခဲ့သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ပြုလုပ်သည့် (၉)ကြိမ်မြောက် ပါလီမန်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သည့် မဟာမိတ်အုပ်စုသည် ပါလီမန်အမတ်နေရာ ၂၉၉ နေရာအနက် ၂၆၂ နေရာတွင် အနိုင်ရရှိခဲ့သည်။

ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဘန်ဂါဘာဘန်၌ ကျင်းပသည့် အခမ်းအနားတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် အိမ်ထောင်ရှိပြီး သားတစ်ဦးနှင့် သမီးတစ်ဦးရှိသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်

# အထက(၄) အလုံ(ယခင်ဘက်ပ်တစ်ယူနီယံယူနိုက်တက်) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ  ၄**

အထက(၄)အလုံ (ယခင်ဘက်ပ်တစ်ယူနီယံယူနိုက်တက်)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၁ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အထက(၄) အလုံ ပင်လုံခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းလိုပါက ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၀၁-၂၂၀၁၄၆၊ ဒေါ်ဒိုင်းရင်သာသိန်း ဖုန်း-၀၁-၆၆၃၀၄၈၊ ဒေါ်ခင်ဖြူဖြူ ဖုန်း-၀၁-၂၂၁၅၉၁၊ ဆရာဦးကိုကိုကြီး ဖုန်း-၀၁-၂၁၂၈၆၅ နှင့် ကိုမောင်မောင်အေး ဖုန်း-၀၉-၇၃၀၂၆၆၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားသုံးဦး ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန်  ဒီဇင်ဘာ  ၄**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲ၌ တတိယ ကြေးတံဆိပ်ရရှိခဲ့သော မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းမှ လက်စွမ်းပြကစားနိုင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင်ဘော်လီဘော အားကစားသမားသုံးဦးသည် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြသည်။



**မြန်မာ့လက်ရွေးစင်ဘော်လီဘော အားကစားသမား ကျော်ရွှေ၊ ရဲမင်းအောင်နှင့် ဝင်းထွန်းဦးတို့အား ဗီယက်နမ်နိုင်ငံသို့ မထွက်ခွာမီ တွေ့ရစဉ်။** (ဘော်လီဘောအဖွဲ့ချုပ်)

မြန်မာ့လက်ရွေးစင်ဘော်လီဘောအားကစားသမားများဖြစ်ကြသည့် ကျော်ရွှေ (No.8) သည် ARMY(9) Club အသင်း၌ လည်းကောင်း၊ ရဲမင်းအောင်(No.7)သည် PHUTHO MEN's Volleyball Club အသင်း၌ လည်းကောင်း၊ ဝင်းထွန်းဦး (No.5) သည် Ho Chi Minh City Club အသင်း၌ လည်းကောင်း ကိုယ်စားပြုကစားကြမည်ဖြစ်ပြီး တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၅၀၀ စီ ရရှိမည်ဟု သိရသည်။

အဆိုပါ ဘော်လီဘောအားကစားသမားများသည် ဗီယက်နမ်နိုင်ငံ Ho Chi Minh City ၌ ကျင်းပမည့် Vietnam League အမျိုးသားဘော်လီဘောပြိုင်ပွဲ၌ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ဂျပန်နိုင်ငံမှ ဧည့်အဖွဲ့တွေ့ဆုံ

**နေပြည်တော်  ဒီဇင်ဘာ  ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံ THE NAIGAI CORPORATION မှ Senior Director Sales Div, Shinobu Kajihara နှင့် Manager 1 st Sales Div, Masahiro Nakamura တို့သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်း၌ လာရောက်တွေ့ဆုံကြပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ခွင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)



# ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် စည်ပင်သာယာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန်  ဒီဇင်ဘာ  ၄**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယမန်နေ့နံနက် ၇ နာရီတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်ရှိ ဗိုလ်မင်းရောင်လမ်းနှင့် သစ္စာလမ်းတို့၌ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် အသိပညာပေးဟောပြောနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းတွင် ပန်းဘဲတန်း၊ ကမာရွတ်၊ စမ်းချောင်း၊ ရွှေပြည်သာ၊ ဗိုလ်တထောင်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ တစ်ပြိုင်နက်တည်း ပြုလုပ်ကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် သာကေတမြို့နယ် (၁၀/မြောက်) ရပ်ကွက်ရှိ လယ်ယာ(၇)လမ်း ကွန်ကရစ်လမ်းချော ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး သာကေတမြို့နယ် စီမံကိန်းဝင်လမ်းဖြစ်သည့် ရတနာလမ်းပိုင်းအား ကွန်ကရစ်လမ်းချော ထပ်ပိုးခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် ကျိုက္ကဆံချောင်းအနီး သံသုမာလမ်း၌ 50 HP (Horse Power) တပ်ဆင် ထပ်ဆင့်ရေတွန်းစက်ရုံသစ် တည်ဆောက်နေမှု၊ မရမ်းကုန်းမြို့နယ် သံသုမာလမ်းရှိ ပါရမီ 75HP (Horse Power) ထပ်ဆင့်ရေတွန်းစက်ရုံ၌ ရေတွန်းစက်များ မောင်းနှင်ဆောင်ရွက်နေမှု၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ငမိုးရိပ်(ပါရမီ)တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ Pile ဖော်ခြင်း၊ ခေါင်းခွဲခြင်းနှင့် Pile Cap လောင်းခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ဘောဂသိဒ္ဓိလမ်း ကျောက်ချော ကတ္တရာလမ်း၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးရပ်ကွက်ရှိ ပျဉ်းမမြိုင်လမ်း ကွန်ကရစ်လမ်း၊ စကားဝါလမ်း ကွန်ကရစ်လမ်းနှင့် ဘောလုံးကွင်းရပ်ကွက်ရှိ မေတ္တာလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးပြီး လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

**နေပြည်တော်  ဒီဇင်ဘာ  ၄**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တောင်ကုတ်မြို့တွင် သုည ဒသမ ၃၂ လက်မနှင့် မာန်အောင်မြို့တွင် သုည ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ရွာနိုင်သည်။

**❍ ကျောဖုံးမှ**

ကာမိုင်းတိုက်နယ်ဆေးရုံမှ တစ်ဆင့် မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း။

ထို့အတူ မန်ဟီးရိုးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် နှစ်ဦးသည် ၎င်းစခန်းမှ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်က ကွမ်းဝယ်ရန် ဆိုင်ကယ်ဖြင့် ထွက်ခွာခဲ့ပြီး ရဲတပ်ကြပ်ကြီးမြင့်လွင်မှာ ကွမ်းယာဆိုင်၌ နေရစ်ခဲ့ကြောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နောင်ဆိုင်ကျေးရွာနှင့် တိမ်းခါးကျေးရွာအကြား၌ လူတစ်ဦး ဆိုင်ကယ်ပိသေဆုံးနေကြောင်း သတင်းအရ ရဲစခန်းမှူးနှင့် အဖွဲ့က သွားရောက်ကြည့်ရှုခဲ့ရာ ရဲတပ်ကြပ်ကြီး မြင့်လွင်မှာ နဖူးရှေ့တည့်တည့်၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်းနေရာနှင့် ရှစ်ပေခန့်အကွာ၌ ပစ္စတိုကျည်ခွံတစ်ခု တွေ့ရှိခဲ့ကြောင်း။

ထို့ပြင် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် မိုင်းယုရဲကင်းရှေ့ရှိ ထရန်စဖော်မာနှင့် အုတ်တံတိုင်းခြံစည်းရိုးကြား၌ အသံမိုင်းဟုယူဆရသည့် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ရဲကင်းအုတ်တံတိုင်း အနည်းငယ်ပျက်စီးခဲ့ကြောင်း၊ လုံခြုံရေးကိစ္စများကို သက်ဆိုင်ရာအဖွဲ့အစည်းများက အထူးဂရုပြုဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်ရေးဇုန်အတွင်း ပုံမှန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဧဒင်နယ်မြေ တပ်ကုန်း-စံပြလမ်းနှင့် ဒူဝါလမ်းထောင့်ရှိ မြစ်ကြီးနားခရိုင် စီမံကိန်းရုံးရှေ့တွင် ရပ်ထားသော ဌာနပိုင်ဗင်ကား(အဖြူရောင်)၏ရှေ့တစ်ပေခန့်အကွာ၌ မိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ယင်းကား၏ အင်ဂျင်ခန်းတစ်ခုလုံး ပျက်စီးခဲ့ပြီး ခရိုင်ရုံးမှ ပြတင်းပေါက်မှန် ၁၄ ချပ် ကွဲကြေပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ ကချင်ပြည်နယ်အတွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများအကြား အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ပြုလုပ်လျက်ရှိသည့် KIA အဖွဲ့၏ အဖျက်အမှောင့်လုပ်ရပ်များအပေါ် ဒေသခံပြည်သူအများစုမှာ စိုးရိမ်ပူပန်သောကဖြင့် ငြိမ်းချမ်းရေးကိုသာ လိုလားတောင့်တလျက်ရှိကြသည်။

ထို့ကြောင့် ဒေသခံပြည်သူတို့၏ ဆန္ဒအမှန်ကို ထုတ်ဖော်သည့်အနေဖြင့် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက မိုးညှင်းမြို့အရှေ့စုရပ်ကွက် ရွှေသာလျောင်းဘုရားဇာတ်ရုံလမ်းနှင့် အထက(၂) ကျောင်းလမ်း (ဗထူးလမ်း)ပေါ်ရှိ ခတ်တိုင် ၂၆ တိုင်၌ ဒေသခံပြည်သူများအမည်ဖြင့် ရေးသားထားသည့် စာရွက်များ ကပ်ထားသည်ကို တွေ့ရှိရကြောင်း၊ ယင်းစာရွက်များတွင် "ထာဝရငြိမ်းချမ်းရေးကို တကယ်လိုချင်ပါသလား၊ အပစ်အခတ်ရပ်စဲပြီး လက်တွေ့ဆွေးနွေးကြည့်ပါ။"၊ "နိုင်ငံတော်ရဲ့ သဘောထားကြီးမှုကို အခွင့်ကောင်းမယူပါနဲ့၊ ဒေသခံပြည်သူတွေက (လုံးဝ)သည်းမခံတော့ပါ။"၊ "လူမျိုးတစ်မျိုးတည်းရဲ့ အခွင့်အရေးကို ရှေ့တန်းမတင်ဘဲ ကချင်ပြည်နယ်မှာရှိတဲ့ လူမျိုးအားလုံးရဲ့ တန်းတူညီမျှရေး၊ တည်ငြိမ်အေးချမ်းရေးကို စဉ်းစားဆုံးဖြတ်ပါ။" စသည်ဖြင့် ဖော်ပြပါရှိကြောင်း သိရသည်။

အလားတူ မိုးမောက်မြို့ ဈေးအနီး လမ်းမပေါ်၌ အပြစ်မဲ့ပြည်သူများ အမည်ဖြင့် ရေးသားထားသော "KIO အတွက် အိတ်ဖွင့်ပေးစာ" တစ်စောင်အား တွေ့ရှိခဲ့ကြောင်း၊ ယင်းစာတွင် "နိုဝင်ဘာ ၁၃ ရက်က မြစ်ကြီးနားမြို့၌ ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၀ ဦး သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့မှုနှင့် ပတ်သက်၍ KIO အဖွဲ့က မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြောင်းကြေညာချက် ထုတ်ခဲ့သည်ဟု ကြားသိရကြောင်း၊ ဖောက်ခွဲဖျက်ဆီးမှုများသည် KIA ၏ လက်ချက်ဖြစ်ကြောင်း၊ မြစ်ဆုံဗုံးပေါက်ကွဲမှုမှစ၍ မြို့တွင်းနှင့် မီးရထားလမ်းများတွင် အကြိမ်ကြိမ်ဗုံးပေါက်ကွဲနေသည်မှာ KIA က လေ့ကျင့်ပေးထားသော လက်မရွံ့အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်သည်ကို ပြည်သူများက အမှန်အတိုင်း သိနေကြပါကြောင်း၊ အပြစ်မဲ့ကလေးများအပါအဝင် ပြည်သူအများ သေကျေဒဏ်ရာရအောင် လုပ်ဆောင်ခဲ့သည့် KIA ၏ လုပ်ရပ်များနှင့် လူသတ်လမ်းစဉ်ကို ရှုတ်ချကြောင်း၊ ထို့ကြောင့် ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်နေသည့် KIA အဖွဲ့ကို ထိထိရောက်ရောက် အရေးယူပေးစေလိုကြောင်း" စသည်ဖြင့် ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်မွေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆူရာပွန်တိုဗီချတ်ချိုင်ကူးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## လှိုင်းဘွဲ့နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၄

**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် နိုဝင်ဘာ ၂၆ ရက် ည ၇ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားနှင့် စာပေဟောပြောပွဲသို့ တက်ရောက်ခဲ့သည်။**

ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် ချမ်းသာစာပေနှင့် ပုံနှိပ်လုပ်ငန်းမှ ဦးရဲမြင့်က စုစုပေါင်းစာအုပ် ၁၃၀၀၀ ကျော် လှူဒါန်းခဲ့ပြီး ပြည်နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆရာမောင်လူမွှေး (မြန်မာမှု)က "စာပေကျေးဇူး"၊ ဆရာမျိုးမြတ်သူက "သတင်းမီဒီယာ" ခေါင်းစဉ်တို့ဖြင့် ဟောပြောကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဟောပြောသူနှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၂၇ ရက်တွင် လှိုင်းဘွဲ့မြို့နယ် သမ္မာန်ကျေးရွာအနီး ရေဘုတ် ရေလှောင်တမံ ဆည်ရေသောက် ဧရိယာအတွင်း နွေစပါးသီးထပ် စံပြဧက ၁၅၀ စိုက်ပျိုးရန် ကောက်စိုက်စက်ဖြင့် စပါးပျိုးခင်း ပျိုးထောင်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး လှိုင်းဘွဲ့မြို့၌ တည်ဆောက်နေသည့် ယာယီသံပေါင် ဘေလီတံတား တည်ဆောက်ပြီးစီးမှုနှင့် တံတားပေါ်မှ ယာဉ်ကြီးယာဉ်ငယ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းမောင်းနှင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၂၈ ရက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာအနီး ခြံပိုင်ရှင် ဒေါ်ခင်ညွန့်၏ သစ်ခွမျိုးစုံ ပျိုးဥယျာဉ်စိုက်ခင်း၊ ဦးထွန်းဝင်း၏ နှစ်ရှည်ရော်ဘာမျိုးကောင်းမျိုးသန့် ပျိုးပင်တစ်သိန်းနှစ်သောင်း ပျိုးထောင်ထားရှိမှုနှင့် ခြံပိုင်ရှင် ဦးမြင့်ဦး၏ နှစ်ရှည်ရော်ဘာမျိုးကောင်းမျိုးသန့် စိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကြာအင်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ရုံးခန်း၌ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ ထောက်ပံ့အလှူငွေများ ပေးအပ်ပြီး တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြား၊ သင်ယူနေမှုနှင့် အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကြာအင်းဆိပ်ကြီး-တဂေး - ခုတ်ခွား - ကျိုက်ဒုံ - အဇင်း-ပိုင်ကလိုင် ကျောက်ချောလမ်းခင်းကျင်းထားရှိမှုအခြေအနေ၊ ကြာအင်းဆိပ်ကြီးမြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၊ မြို့တွင်းလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှု၊ မြို့မီးလင်းရေး ပုဂ္ဂလိကပိုင် ရွှေကြာအင်း မီးအားပေးစက်နှင့် သံပုရာအခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နေပြည်တော်ရှိ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော် အမှတ်(၄)မီးသတ်စခန်းနှင့် ဒက္ခိဏသီရိ မီးသတ်စခန်းတို့၌ မီးသတ်တပ်ဖွဲ့ဝင်များ၏ ရေစိုလေ့ကျင့်ခန်း (Wet Drill) လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကာ တပ်ဖွဲ့ဝင်များအား ပွင့်လင်းရာသီ၌ လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့်ရှိစေရေးနှင့် တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)** (သတင်းစဉ်)



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မြင့်ကြည်နှင့် အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက်တွင် အင်းစိန်မြို့နယ် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ ဌာနခွဲ(၄)ရှိ ယာဉ်လိုင်းဥက္ကဋ္ဌများ၊ စစ်ဆေးရေးအဖွဲ့များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၅၂ ဦးတို့အားလည်းကောင်း၊ အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှ ဒု-ရဲအုပ်သန်းဇော်ထိုက်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးချုပ်၌ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၁၇၆ ဦးတို့အား လည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၁၁/၂၀၁၁)အစည်းအဝေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ(၁၁/၂၀၁၁) အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် (ဒုတိယထပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးတင်လှိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးအောင်သိန်းဝင်းက ဆောင်ရွက်ကာ သဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက ယခင်(၁၀/၂၀၁၁)အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို တင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြပြီး ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပရေးကိစ္စနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ၊ ဆောင်ရွက်ရေးကိစ္စ စသည်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ဥတုရာသီ တောက်ပမှီ၏။

◆ **ကျောဖုံးမှ**

ဘူတာရုံလမ်းနေ ဒေါ်နန်းခမ်းမိုင် မိသားစုက ငွေကျပ် သုံးသိန်း၊ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနေ ဒေါ်ချယ်ရီရွှေ (ဝါးရိပ်စတိုး)က ငွေကျပ် ၅၀၅၀၀၀၊ ဟသ်ာတမြို့နေ ဦးဝင်းဇော်-သုဓမ္မသီဂီဒေါ်စန်းရှင်၊ သား ကိုအေးချမ်းပို မိသားစုနှင့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်းနေ ဦးတင်ကြီး မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ သင်္ဃန်းကျွန်းမြို့နယ် လယ်တီဝိပဿနာကျောင်းတိုက်မှ ဘဒ္ဒန္တ အာသဘနှင့် (၇)ရက်သားသမီးများက ငွေကျပ် ၂၂၀၀၀၀၊ သာသနာရေးဦးစီးဌာနမှ ဗိုလ်မှူးထွန်းဇော်မြင့်(ငြိမ်း)-ဒေါ်နွယ်နီအုန်း၊ သမီး-လိမ္မော်၊ဆု၊ ငြိမ့်၊ သားထက် မိသားစုက ငွေကျပ် ၁၅၀၀၀၀ နှင့် ဦးကျော်သူဇော် (ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင်)-ဇနီး ဒေါ်မြင့်မြင့်ကြည် မိသားစုက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင် ၂၈၉ ဦးတို့က လှူဒါန်းကြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ရန်ကုန်မြို့ အင်းလျားလမ်း ဥယျာဉ်လမ်းသွယ်နေ ဒေါက်တာနီညွန့်က ငွေကျပ် ၅၂၅၀၀၀၀ တန်ဖိုးရှိ စိန် ၈၄ ပွင့်ပါ ပလက်တီနမ်ဆွဲပြား တစ်ခုနှင့်၊ စိန် ၁၆ ပွင့်ပါ ကျောက်စိမ်းဆွဲပြား တစ်ခု၊ မိဘများနှင့် ကျေးဇူးရှင်များအား ရည်စူး၍ ရန်ကုန်မြို့နေ ဦးဦးမြင့်-ဒေါ်ခင်မြအိ မိသားစုက ငွေကျပ် ၂၄၂၈၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်နှစ်ကွင်း၊ကျောက်ဖြူ ၂၁ ပွင့်ပါ ရွှေလက်ကောက် တစ်ကွင်း၊ ကျောက်စိမ်း ရွှေကြယ်သီး ငါးလုံး၊ ပုလဲတစ်ကုံး၊ စိန် ၂၆ ပွင့်နှင့် ပုလဲတစ်လုံးပါလက်စွပ် တစ်ကွင်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ကြိုင်ထွန်း မိသားစုက ငွေကျပ် ၂၀၉၅၀၀၀ တန်ဖိုးရှိ မြ ၃၂ ပွင့်၊ စိန် ၁၅ ပွင့်ပါ ရွှေလက်ကောက် တစ်ကွင်းနှင့် ပတ္တမြား ၄၂ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ရန်ကုန်မြို့ ကုန်းမြင့်ရိပ်သာမှ ဦးသိန်းအောင်-ဒေါ်မြသန္တာ၊ သား ကောင်းပြည့်စုံတို့က ငွေကျပ် တစ်သောင်းနှင့် ငွေကျပ် ၁၅၃၉၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းတစ်ပွင့်၊ စိန် တစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ပတ္တမြား ခုနစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ မြနှင့်စိန် ၁၂ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ပတ္တမြား ၃၁ ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ အင်းစိန်ဖော့ကန်နေ ဒေါ်ခင်မေမိသားစုက ငွေကျပ် ၁၄၃၅၀၀၀ တန်ဖိုးရှိ ပုလဲနက်ရွှေဆွဲသီး တစ်ခု၊ စိန်ရှစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ မြ ၄၅ ပွင့်ပါ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေနားကွင်းနှစ်ရန်၊ မရမ်းကုန်း အေးရိပ်ငြိမ်လမ်းနေ ဦးအေးချစ်-ဒေါ်နီနီ မိသားစုက ငွေကျပ် ၈၉၉၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက် လေးကွင်းနှင့် ရွှေလက်ကောက်တစ်ကွင်း၊ သုဝဏ္ဏ ဇေယျာသုခလမ်းသွယ်နေ ဦးဝေလင်း-ဒေါ်အေးချမ်းမြိမ့်၊ သမီး မေမဒီမိသားစုက ငွေကျပ် ၇၀၀၀၀၀ တန်ဖိုးရှိ စိန် ၂၀ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ကွယ်လွန်သူ ဒေါ်စောမြနှင့် ဦးချစ်လှိုင်တို့အား ရည်စူး၍ ဒေါ်ရီရီလွင် (ပုဇွန်တောင်ပြန်/ဆက်)၊ သမီးဟေမန်မိသားစုက ငွေကျပ် ၁၁၄၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းနှစ်ပွင့်၊ ကျောက်ဖြူ တစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်နှင့် ကျောက်ဖြူ ရှစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း အပါအဝင် ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၈၀၆ ခုကို လှူဒါန်းကြသည်။

ဒီဇင်ဘာ ၃ ရက်ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၁၄၃၅၆၅၅၆၅၊ ရွှေငွေကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၉၇၇၃၂၅၀၀၊ အမေရိကန်ဒေါ်လာ ၅၄၄၄ နှင့် စင်ကာပူ ဒေါ်လာ ၅၁၇ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၅-၁၂-၂၀၁၁ (တနင်္လာနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အပြန်လမ်း" တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၆း၄၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၄၆)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၄၁)**
၈း၅၀ R ZAR NI One Man Show (Part-2)
၉း၄၀ Celebrity Choice
၁၀း၀၅ Activities In The City
၁၀း၃၅ စေတနာ သဒ္ဓါတရားများဖြင့် လှူဒါန်းကထိန်မြတ်သင်္ကန်း
၁၀း၄၅ စီမံကိန်းထူးရောကူးပေါ်လွင် ဝင့်ကြွားညောင်တုန်းတံတား (အပိုင်း-၁)
၁၁း၁၀ "ဝ"တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၀)**
၁၂း၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ
၁၂း၂၀ စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀ "အပြန်လမ်း" တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ဗီဒီယိုပြခန်း
၂း၄၅ Activities In The City
၂း၅၅ အထက ကညွတ်ကွင်း၏(၂၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲ
၃း၁၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၄၆)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၄၁)**
၅း၀၀ Activities In The City
၅း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၀)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၄၇)**
၇း၁၀ R ZAR NI One Man Show (Part-3)
၈း၀၀ MRTV-4 သတင်း
၈း၃၀ သီးချင်းကောင်းကောင်း သီးချင်းတောင်း
၈း၅၅ Sunday Talk (မောင်ဝံသ၊ မျိုးမြတ်သူ)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (ဇာတ်သိမ်းပိုင်း)**
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၁)**
၁၁း၂၀ The Champion of Dance
၁၂း၀၅ စာအုပ်ပြခန်း
၁၂း၂၅ International Show Biz
၁၂း၄၀ လှူဖွယ်မြတ်သင်္ကန်းရယ်နှင့် ဂုဏ်တင့်ကာဝင့်ထည်စေမည့် ရတနာမွန်
၁၂း၅၅ ဘတောဝါနော ဘရိဿတိ (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁း၅၀ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၂း၀၅ ဒေင်၏ရေကုထုံး
၂း၁၅ နံနက်ခင်းအလှ
၂း၂၅ Barclays Premier League (Fulham Vs Liverpool)
၄း၂၅ Shooting Location
၄း၅၀ ထူးထူးခြားခြားပဲခူးမြို့မှ မြွေဘုရား
၅း၀၀ အစီအစဉ်ပြီး၏။

### Barclays Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၂၅ | Fulham - Liverpool | ESPN (MRTV-4) |

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**



## ဒေါက်တာချစ်၏ အရှေ့အနောက် ဒီတစ်ခေါက် စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးသူ ဒေါက်တာချစ်၏ အရှေ့အနောက် ဒီတစ်ခေါက်စာအုပ်ကို သစ္စာစာပေက ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အမေရိကန်နိုင်ငံသို့ စတုတ္ထအကြိမ်မြောက် ရောက်ရှိစဉ် လေ့လာတွေ့ရှိခဲ့သမျှကို မျှဝေပေးထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ဤစာအုပ်တွင် နိုင်ငံကူးလက်မှတ်အကြောင်း၊ ပြည်ဝင်ခွင့်ဗီဇာ၊ လေယာဉ်လက်မှတ်၊ လေယာဉ်ပေါ်တွင် ဆောင်ရွက်ရန်အကြောင်းများ၊ ဆန်ဖရန်စစ္စကိုသို့၊ အံ့သြဖွယ်နေရာလေး၊ တောင်ပုလု ဘုန်းကြီးကျောင်း၊ ဆန်ဖရန်စစ္စကိုမြို့၏ အထင်ကရနေရာများ၊ အကြင်နာရင်ခွင် ဖန်တီးရှင် ဈေးရောင်းပွဲတော်အကြောင်းများ၊ မြန်မာတို့ပိုင်သောဆိုင်၊ ရှော့ပင်းမောကြီးများ၊ ကမ္ဘာ့နေရာပြစနစ်၊ လတ်(စ်) ဗီးဂတ် (စ်)၊ ဟောလိဝုဒ်၊ စက်ရုပ်ပမာလှုပ်ရှားတာ၊ ငွေစုဆောင်းခြင်း၊ လူငယ်များ၏ အခွင့်အရေး စသည့်အကြောင်းများကို ဗဟုသုတဖြစ်ဖွယ် တင်ပြထားရာ ပြုစုတင်ပြထားပုံမှာ လက်မှ မချချင်စရာဖြစ်သည်။

စာရေးသူက ယခင်အခေါက်များကထက် ယခုတစ်ကြိမ်မှာ ကိုယ်ရေးကိုယ်တာအဖြစ် သွားရောက်ခဲ့ရသဖြင့် သွားလိုရာသွား၊ စားလိုရာစား၊ ကြည့်လိုရာကြည့်ခဲ့ရကြောင်း၊ သုံးလအတွင်း ကယ်လီဖိုးနီးယား ပြည်နယ်အတွင်း လေ့လာသင့်သည့်နေရာအတော်များများကို ရောက်ခဲ့ကြောင်း၊ အခြားသူများမှာ ထိုကဲ့သို့ စုံစုံလင်လင်မရောက်၊ ရောက်ပြန်တော့လည်း သာမန်ကြည့်ရှုရုံ၊ သိရှိရုံသာ၊ ထို့ကြောင့် ကယ်လီဖိုးနီးယားပြည်နယ် တစ်ခုလုံး၏ သရုပ်သဏ္ဍာန်ကို ထင်ထင်ရှားရှားမသိနိုင်ကြကြောင်း၊ ထို့ထက် အမေရိကန်တစ်နိုင်ငံလုံး၏ သရုပ်သဏ္ဍာန်ကို ပို၍ပင် မှုန်မှုန်ဝါးဝါးမြင်နေကြသည်ဟု ယူဆမိကြောင်း၊ ထိုအခါ အရှိထက်ပို၍ အထင်ကြီးခြင်း၊ အထင်သေးခြင်းဖြစ်နိုင်ကြောင်း၊ အဆိုးနှင့် အကောင်းတို့သည် ဒွန်တွဲ၍နေလေ့ရှိသည်ကို သတိပြုသင့်ကြောင်းဖြင့် နိဒါန်းတွင်ရေးသားထားသည်။

ဒေါက်တာချစ်၏ စာအုပ်ကို ပထမအကြိမ်အဖြစ် တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

## ရဲမြင့်(စွန့်ဦးတီထွင်)၏ လမ်းကောက် လျှောက်မယ့်လူဖြောင့် စာအုပ်ဖြန့်ချိ



ရဲမြင့်(စွန့်ဦးတီထွင်)၏ လမ်းကောက် လျှောက်မယ့် လူဖြောင့်စာအုပ်ကို တူဒေးစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

လုပ်ငန်းခွင်အတွင်း တစ်ဆင့်ပြီး တစ်ဆင့် တက်လှမ်းနိုင်ဖို့ လုံလောက်သော အရည်အချင်းရှိမှ ဖြစ်မည်။ လုံလောက်သော အရည်အချင်းဆိုရာတွင် လုပ်ငန်းကျွမ်းကျင်မှု တစ်ခုတည်းနှင့် မပြီးပြည့်စုံပေ။ ဤစာအုပ်တွင် လက်ရှိအခြေအနေမှ မြင့်မားသော အခြေအနေသို့ တက်လှမ်းနိုင်ရေး အရည်အချင်းများနှင့် ယင်းအရည်အချင်းများ လေ့ကျင့်ရယူရန်အတွက် ဥပဒေသများကို တင်ပြထားကြောင်း၊ အောင်မြင်မှု ပန်းတိုင်ဆီချီတက်နေသော သင့်အတွက် ဤဥပဒေသများက ကောင်းစွာအကူအညီပေးနိုင်လိမ့်မည်ဟု တူဒေးစာအုပ်တိုက်က ယုံကြည်ကြောင်း ညွှန်းဆိုထားပြီး စာရေးသူကမူ ယခုအချိန်အထိ မြန်မာပြန်ဆိုမှုတွင် ဤစာအုပ်ကို အားအရဆုံးဟု ဝန်ခံထားပေရာ စာပေဝါသနာပါသူများ၊ လုပ်ငန်းခွင်တွင် အောင်မြင်လိုသူများ ဝယ်ယူဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်အဖြစ် ညွှန်ပြလိုပါသည်။

## နှလုံးလှလှူမိုက်(၁)နှင့် (၂) ဒုတိယအကြိမ်ဖြန့်ချိ



ရွှေနေစာရေးဆရာ ချစ်ကိုကိုယု၏ ၂၀၀၁ ခုနှစ်အတွက် အကယ်ဒမီငါးဆုရ နှလုံးလှလှူမိုက် ရုပ်ရှင်ဝတ္ထု အပိုင်း(၁)နှင့် နောက်ဆက်တွဲဝတ္ထု အပိုင်း(၂)တို့ကို စုစည်း၍ စာချစ်သူများ၏ တောင်းဆိုချက်အရ ကွယ်လွန်သူ ပန်းချီမောင်မောင်သိုက်၏ နောက်ဆုံးလက်ရာ လွမ်းဆွတ်ဖွယ်မျက်နှာဖုံး ပန်းချီဖြင့် ရန်ကုန်မြို့ ၃၃လမ်း(လယ်) အမှတ်(၁၁၁)ရှိ လာဘ်မိုးစွေစာပေမှ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အမျိုးသားစာပေဆုရ စာရေးဆရာကြီးများဖြစ်ကြသော ဆရာလယ်တွင်းသား စောချစ်၊ ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ စာရေးဆရာ နန္ဒာမိုးကြယ်တို့က အမှာစာများ ရေးသားထားပြီး ရန်ကုန်မြို့ လာဘ်မိုးစွေစာပေ၊ စာပေဗိမာန် စာအုပ်ဆိုင်၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညီုစာပေ၊ မော်လမြိုင် ကျော်ကျော်စာပေတို့မှ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

# အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၁၁ ခုနှစ် အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ နေပြည်တော် F.C အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နေလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ စစ်တီးဝိုင်းနှင့် ဘင်ခရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပြိုင်ပွဲတွင် အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး ၂၀၁၁ ခုနှစ် အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် (၃၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ပြိုင်ပွဲ၌ ပထမတန်းအသင်းလိုက်ပြိုင်ပွဲတွင် ငါးသင်း၊ ဒုတိယတန်းအသင်းလိုက်ပြိုင်ပွဲတွင် ခြောက်သင်း၊ တတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် ၁၅ သင်းနှင့် အမြန်ရွှေ့အသင်းလိုက်ပြိုင်ပွဲတွင် ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

# ၂၀၁၁ ခုနှစ် ကွင်းဖွင့်ဖလားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲ (Season's Opening Tennis Tournament) ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်၊ ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား(၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ပြည့်စုံအောင်၊ အမျိုးသမီး(၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် စုရတီ၊ အမျိုးသား(၁၂) နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ဆန်းဇာနည်ကို၊ အမျိုးသမီး(၁၂)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ထက်ထက်အောင်၊ အမျိုးသား(၁၄)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ဟိန်းလှထူး၊ အမျိုးသမီး(၁၄)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ခင်နန္ဒာဇော်၊ အမျိုးသား(၁၆)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ဇော်ဆန်းဦး၊ အမျိုးသမီး(၁၆)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ခင်နန္ဒာဇော်တို့ အသီးသီးဗိုလ်စွဲကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ခင်မောင်ဝင်းနှင့် ချစ်စုရည်အတွဲ၊ ဒုတိယ ဖြိုးမင်းသာနှင့် ဇင်မာထွေးအတွဲ၊ ပူးတွဲတတိယ မင်းမင်းနှင့် သန္တာအောင်အတွဲ၊ အောင်ကျော်နိုင်နှင့် နီလာဝင်းအတွဲတို့အား ဆုများနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်က အမျိုးသား အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ခင်မောင်ဝင်းနှင့် ဖြိုးမင်းသာအတွဲ၊ ဒုတိယ အေးထွန်းနှင့် မြတ်ခိုင်အတွဲ၊ ပူးတွဲတတိယ အောင်မိုးနှင့် အောင်ကိုဦးအတွဲ၊ ခရစ္စတိုဖာနှင့် ဝင်းမြိုင်အတွဲတို့နှင့် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အောင်ကျော်နိုင်၊ ဒုတိယ အောင်ကိုဦး၊ ပူးတွဲတတိယ ဝင်းမြိုင်နှင့် မင်းမင်းတို့အား ဆုများနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

၂၀၁၁ ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၃ ရက်တွင် ဘားအံမြို့ အောင်သံလွင် ပြည်နယ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ဘားအံမြို့နယ်အသင်းနှင့် လှိုင်းဘွဲမြို့နယ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီးအလွတ်တန်း ဘိုးလင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ဘိုးလင်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် Right Track Bowling Centre အားကစားခန်းမပြိုင်ပွဲရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပထမဆုရ နိုင်လင်းထွန်း ၊ ဒုတိယဆုရ ဒေးဗစ်နှင့် တတိယဆုရ တင့်ဆွေဦးတို့အား ဗဟိုဝန်ထမ်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးထွဏ်းကြည်က လည်းကောင်း၊ အမျိုးသမီး ပထမဆုရ ခင်သန်းထွေး၊ ဒုတိယဆုရ အေးအေးမော်နှင့် တတိယဆုရ မြင့်မြင့်စန်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အတွင်းရေးမှူးတို့က လည်းကောင်း ငွေသားဆုများကို ချီးမြှင့်ခဲ့ကြသည်။ အဆိုပါဆုပေးပွဲ အခမ်းအနားသို့ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ဖောင်ကြီး) (သတင်းစဉ်)



# မာတင်အိုနေးလ် ဆန်းဒါးလန်းနည်းပြသစ်ဖြစ်လာ

**လန်ဒန် ဒီဇင်ဘာ ၄**

အက်စတွန်ဗီလာ နည်းပြဟောင်း မာတင်အိုနေးလ်**(ဝဲပုံ)**သည် ဆန်းဒါးလန်းအသင်းနှင့် ပေါင် ခြောက်သန်းတန် သုံးနှစ်စာချုပ်ချုပ်ဆိုပြီးနောက် ဆန်းဒါးလန်းနည်းပြသစ် ဖြစ်လာခဲ့သည်။

ဆန်းဒါးလန်းအသင်းပိုင်ရှင် အဲလစ်ရှော့က အိုနေးလ်သည် အသင်းအား ပြန်လည်ပြုပြင်ပြီး အကောင်းဆုံးပုံစံရရှိအောင် စွမ်းဆောင်နိုင်မည်ဟု ယုံကြည်နေသည်။

အသက်(၅၉)နှစ်အရွယ် အိုနေးလ်သည် အက်စတွန်ဗီလာအသင်းမှ ၂၀၁၀ ခုနှစ် ဩဂုတ်လအတွင်းက ထွက်ခွာခဲ့ပြီး ဘောလုံးလောကနှင့် အဆက်အသွယ်ပြတ်နေခဲ့ပြီးနောက် ယခုမှသာ ဆန်းဒါးလန်းအသင်းနှင့် စာချုပ်ကာ ဘောလုံးလောကသို့ ပြန်လည်ခြေချခြင်း ဖြစ်သည်။ အက်စတွန်ဗီလာအသင်းအား အိုနေးလ်ကိုင်တွယ်နေစဉ်ကာလအတွင်းက အသင်းအား အမှတ်ပေးဇယား အဆင့်(၁၀)အတွင်း ဝင်နိုင်အောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။

ဆန်းဒါးလန်းအသင်းသည် ယခုနှစ် ဘောလုံးရာသီအတွင်း နှစ်ပွဲသာ အနိုင်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၁၆)တွင် ရှိနေသည်။ ထို့ကြောင့် နည်းပြသစ် အိုနေးလ်အနေဖြင့် ဆန်းဒါးလန်းအသင်းအား တန်းဆင်းဇုန်မှ လွတ်မြောက်အောင်နှင့် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်မည်လား ဆိုသည်ကို လက်ကျန်ပွဲစဉ်များတွင် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

***အင်တာနက်။***

# စပိန်လာလီဂါ မဟာပြိုင်ဘက်နှစ်သင်း နိုင်ပွဲကိုယ်စီရ ယခုနှစ်ဘောလုံးရာသီအတွင်း စီရော်နယ်ဒို၏ သွင်းဂိုး ၁၇ ဂိုးထိရှိ

**မက်ဒရစ် ဒီဇင်ဘာ ၄**

စပိန်လာလီဂါ မဟာပြိုင်ဘက်အသင်းကြီးနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့သည် ဂိုးပြတ်နိုင်ပွဲများဖြင့် ပြိုင်ဆိုင်မှုအတွက် အထွတ်အထိပ်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပို့တင်းဂီဂျွန်အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းသည် နည်းပြမော်ရင်ဟို၏ ၁၄ ပွဲဆက်တိုက် အနိုင်ရလဒ်ဖြစ်ပြီး ရီးယဲလ်အသင်းသည် စပိန်လာလီဂါအမှတ်ပေးဇယား ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။ ရီးယဲလ်၌ အထူးခြေစွမ်းပြနေပြီး ဂိုးများစွာ သွင်းယူနေသော စီရော်နယ်လ်ဒိုသည် ယခုပွဲတွင်လည်း တစ်ဂိုးသွင်းယူပေးခဲ့ရာ ယခုနှစ်ဘောလုံးရာသီအတွင်း ၁၄ ပွဲတွင် ၁၇ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရီးယဲလ်၏ မဟာပြိုင်ဘက် ဘာစီလိုနာအသင်းသည်လည်း အိမ်ကွင်းနူးကမ့်တွင် လီဗန်တေးအသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သည်။ ***အင်တာနက်။***

# ရေတာရှည်မြို့နယ် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**ရေတာရှည် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ၂၀၁၁ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပရာ ပီတူးကျေးရွာအုပ်စု လက်ရွေးစင်ဘောလုံးအသင်းနှင့် ငါးကြီးကွေ့ကျေးရွာအုပ်စု လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ငါးကြီးကွေ့ကျေးရွာအုပ်စုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။



အနိုင်ရဗိုလ်စွဲသွားသော ငါးကြီးကွေ့ကျေးရွာအုပ်စု လက်ရွေးစင်ဘောလုံး အသင်းအား ပထမဆု ငွေကျပ်သုံးသိန်းနှင့် ဆုဖလားအား လည်းကောင်း၊ **(ဝဲပုံ)** ဒုတိယဆုရရှိသော ပီတူးကျေးရွာအုပ်စု လက်ရွေးစင် ဘောလုံးအသင်းအား ဆုငွေကျပ် နှစ်သိန်းအား လည်းကောင်း ရေတာရှည်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ပေးအပ်ချီးမြှင့်သည်။ (၅၇၈)

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

# မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ် ဘောလုံးအသင်း၏ သရုပ်ပြပွဲ ပဲခူးမြို့၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဘောလုံး အားကစားနည်းတာဝန်ခံ ဦးရဲထွဋ်တင်ဦး ဦးဆောင်သော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ် ဘောလုံးအသင်း၏ သရုပ်ပြပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ ဖူဆယ်ဘောလုံးဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ကြည့်ရှုအားပေးကြသည်။

သရုပ်ပြပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအားကစားသမားများက အသင်းနှစ်သင်းခွဲ၍ ယှဉ်ပြိုင်ကစားခြင်း၊ ပဲခူးမြို့ ဒေသခံများနှင့် ယှဉ်ပြိုင်ကစားခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဟိန်းထက်လင်း**



ဖူးမြော်
ကြည်ညို

ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့၌(၁၃)ရက်မြောက်နေ့ ဆက်လက်အပူဇော်ခံလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိရာ (၁၃)ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း ရဟန်းရှင်လူပြည်သူများ အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။**

ယနေ့သည် ရုံးပိတ်ရက်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓမြတ်စွယ်တော်ဖူးသူများ လာရောက်ကြသကဲ့သို့ ရန်ကုန်မြို့မှ ဒေသခံများကလည်း လာရောက်ဖူးမြော်ကြရာ ယနေ့ နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိ ဖူးမြော်သူ ၇၄၀၇၇ ဦးရှိသည်။

အလှူခံဌာနများအနက် ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ နှစ်ဖက်ညီအစ်ကို မောင်နှမများအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ်နေ ဦးကျော်ထွန်း မိသားစုက ငွေကျပ် ၁၀၁၀၀၀၀ ၊ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းနေ ဦးသိန်းမောင်+ဒေါ်ပါးပါး(စန္ဒီပရဆေး)က ငွေကျပ် ၁၁ သိန်း၊ ဖောင်ကြီး အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၈)မှ သင်တန်းသား၊ သင်တန်းသူများက ငွေကျပ်ကိုးသိန်း၊ မန္တလေးမြို့နေ ဦးဇော်လေးမြင့်+ ဒေါ်သီသီခိုင်၊ သား-မောင်ဇော်လင်းထက်၊ သား-မောင်ကောင်းစည်သူတို့က ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့နေ ဦးအုန်းမြင့်+ ဒေါ်ဝင်းဝင်းဆွေ မိသားစု၊ ဦးလှထွန်း(မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း)မှ နာယကကြီးများ၊ အမှုဆောင်လူကြီးများ၊ ဝန်ထမ်းများနှင့်ဝေဒနာရှင်လူနာများနှင့် ကွယ်လွန်သူ ဗိုလ်ကြီးသိန်းရွှေ(ငြိမ်း)၊ မိခင်-ဒေါ်အေးအေးနှင့် သား- ဦးစိန်လွင်တို့အား ရည်စူး၍ စမ်းချောင်းမြို့နယ်နေ ဒေါ်စန်းစန်းဦးက ငွေကျပ်ငါးသိန်းစီ၊ လှိုင်မြို့နယ် **စာမျက်နှာ ၉ ကော်လံ ၄ သို့**◆

ယ နေ့ သ တ င် း အ ညွှ န် း

## ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော် နိုင်ငံတကာအဆင့်မီ စည်ကားသိုက်မြိုက်စွာ ကျင်းပ

❝ပန်းပွဲတော်ဥယျာဉ်ဧရိယာအတွင်းရှိ ပန်းမန်သစ်ပင်များကို ပန်းပွဲတော်အမီ သုံးလခန့်အချိန်ယူ၍ အကောင်းဆုံးနှင့် အထူးခြားဆုံးဖြစ်အောင် အစွမ်းကုန်ကြိုးစားပြင်ဆင်ထား❞

ပြည်တွင်းသတင်း စာမျက်နှာ - ၅

## ဂရမ်မီဆုများစာရင်းထိပ်ဆုံးတွင် ရက်ပ်ပါ ကာညေးဝက်စ် ပါနေ

❝(၅၄)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ လာမည့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်❞

အနုပညာသတင်း စာမျက်နှာ - ၅

## မာတင်အိုနေးလ် ဆန်းဒါးလန်းနည်းပြသစ် ဖြစ်လာ

❝ဆန်းဒါးလန်းအသင်းအား တန်းဆင်းဇုန်မှ လွတ်မြောက်အောင်နှင့် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်မည်လား❞

အားကစားသတင်း စာမျက်နှာ - ၁၀

## အိုက်စလန်ရှိ ရေခဲမြစ်အောက်မှ မီးတောင်တစ်လုံး ပေါက်ကွဲနိုင်

❝အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ကို ဖြတ်သန်းကာ ရေဂါလန် ဘီလီယံပေါင်းများစွာ စီးဆင်းလာနိုင်❞

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း၌ ပေါက်ကွဲမှု(၃)ခု၊ KIA အဖွဲ့က မီးရှို့ဖျက်ဆီးမှု(၁)ခုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အား ပစ်ခတ်သတ်ဖြတ်မှု(၁)ခုဖြစ်ပွားခဲ့ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အပြစ်မဲ့ပြည်သူ(၄)ဦးနှင့် ရဲတပ်ဖွဲ့ဝင်(၂)ဦး ဒဏ်ရာရရှိ

## ဒေသခံပြည်သူများအမည်ဖြင့် ရေးသားထားသည့် ဖြန့်ဝေစာများနှင့် အပြစ်မဲ့ပြည်သူများအမည်ဖြင့် ရေးသားထားသော KIO အတွက် အိတ်ဖွင့်ပေးစာများတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း၌ ဒီဇင်ဘာ ၃ ရက်က ပေါက်ကွဲမှု သုံးခု၊ KIA အဖွဲ့က မီးရှို့ဖျက်ဆီးမှုတစ်ခုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အား ပစ်ခတ်သတ်ဖြတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကာ အပြစ်မဲ့ပြည်သူ လေးဦး၊ ရဲတပ်ဖွဲ့ဝင် နှစ်ဦး စုစုပေါင်း ခြောက်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ၏(၉)မိုင်ခန့်အကွာ မြစ်ကြီးနားမှ တနိုင်းသို့သွားသည့် လီဒိုလမ်းမကြီးဘေးရှိ လိမ္မော်ခြံ၌ ယုဇနကုမ္ပဏီပိုင် ဘက်ဟိုးယာဉ်နှစ်စီးနှင့် မြေထိုးစက်တစ်စီး ရပ်ထားစဉ် နံနက် ၃ နာရီခွဲခန့်တွင် KIA ၃၀ ခန့် အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး အဆိုပါ ယာဉ်သုံးစီးအား ကားလမ်းဘေးသို့ မောင်းနှင်စေခဲ့ကြောင်း၊ ယင်းနောက် ၎င်းအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သဖြင့် ယာဉ်သုံးစီးစလုံး မီးလောင်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၃၆၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

အလားတူ ဖားကန့်မှ မိုးကောင်းသို့ မောင်းနှင်သည့် ခရီးသည်တင်ယာဉ်တစ်စီးသည် နံနက် ၁၁ နာရီတွင် ဖားကန့်မြို့နယ် ကာမိုင်း-မအူပင်လမ်းရှိ ဟိုးအင်ဝမ်းတံတားအနီး၌ ခေတ္တရပ်နားစဉ် KIA အဖွဲ့က ထောင်ထားသော မိုင်းကြိုးအား ခရီးသည်တစ်ဦး တိုက်မိရာမှ မိုင်းတစ်လုံး ပေါက်ကွဲသဖြင့် ယာဉ်ပေါ်ပါ ခရီးသည် လေးဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား **စာမျက်နှာ ၈ ကော်လံ ၄ သို့**○



မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသောယာဉ်ကို တွေ့ရစဉ်။
(သတင်းစဉ်)